Agribiz News
ကြေးမုံ စီးပွားသတင်း
www.agribiznews.com.mm
e-Paper-002
၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက်

# အောင်မြင်နေသော ကျေးလက်စီးပွား မျှစ် ဝါး ကုန်ချော ထုတ်ကုန်များ



ကျေးလက်နေ အိမ်ထောင်စုများ အလုပ်အကိုင်နှင့်ဝင်ငွေရရှိစေပြီး ယင်းတို့၏လူမှုစီးပွား ဘဝများ မြင့်မားလာစေရန်၊ အစားအသောက် နှင့် မျှစ်ထုတ်လုပ်ခြင်းကို အိမ်တွင်းမှု လုပ်ငန်းများအဖြစ် လုပ်ငန်းလည်ပတ်နိုင်ရေးအတွက် မ,တည် ရန်ပုံငွေ နှင့် လုပ်ငန်းသုံးပစ္စည်းများကို မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စတုတ္ထအကြိမ် အထူးရန်ပုံငွေဖြင့် အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် “မျှစ်စိုက်ပျိုး ထုတ်လုပ်ရေး တန်ဘိုးကွင်းဆက် ဖွံ့ဖြိုး တိုးတက်မှုအပေါ် အခြေခံ၍ ကျေးလက်နေ အိမ်ထောင်စုများ၏ လူမှုဘဝ ဝင်ငွေရရှိနိုင်မှု မြှင့်တင် ပေးနိုင်ရေးဆိုင်ရာ စီမံကိန်း” က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

စီမံကိန်းဒေသအတွင်း ကျေးရွာများရှိ တောင်သူများ၏ ဝင်ငွေတိုးတက်စေရေး နှင့် လယ်ယာပြင်ပလုပ်ငန်းများမှ ဝင်ငွေရရှိစေရန် မျှစ်ချဉ်၊ မျှစ်ခြောက် ထုတ်လုပ်ခြင်း၊ ဝါးမီးသွေး နှင့် ဝါးဗီနီကာ ထုတ်လုပ်ခြင်း လုပ်ငန်းများ၊ ဝါးလက်မှုလုပ်ငန်းများ ကျွမ်းကျင်စွာလုပ်ကိုင်ဆောင်ရွက်နိုင်ကြစေရေးအတွက် စီမံကိန်း ပထမပိုင်းတွင် သင်တန်းများ ဖွင့်လှစ်ပို့ချလေ့ကျင့် ပေးခဲ့သည်။ သင်တန်းတက်ပြီးသူများအား ဝါးနှင့်မျှစ် ကုန်ချော ထုတ်လုပ်ခြင်း စိတ်ဝင်စားမှု တူညီရာအဖွဲ့များ (Common Interest Groups-CIGs) ဖွဲ့စည်း ပေးခဲ့ရာတွင် ဘန်ဖားစတား၊ မြရတနာ၊ အောင်သပြေတို့ ကျေးရွာအဖွဲ့များ၊ ဝါးလက်မှု လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် နဒီလှိုင်း၊ တောင်ပေါ်သား၊ အနာဂါတ်အလင်းတန်း၊ ရွှေဝါးပင်နှင့် အားမာန်သစ် အဖွဲ့များ ၊ မျှစ်နှင့်ဝါး လက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး သမဝါယမ အသင်းများကို အသင်းအဖွဲ့ ဆိုင်ရာ ဥပဒေစည်းမျဉ်း စည်းကမ်းများနှင့်အညီ ဖွဲ့စည်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

စီမံကိန်းဒုတိယပိုင်းတွင်ပါဝင်သည့် သိုလှောင်ထုပ်ပိုးခြင်းအလုပ်ရုံ ဖွင့်ပွဲအခမ်းအနားနှင့် လုပ်ငန်းသုံးပစ္စည်းနှင့်ရန်ပုံငွေ ပေးအပ်ပွဲအခမ်းအနား ကို ဇန်နဝါရီလ (၅)ရက်နေ့က နေပြည်တော် ရုံးအမှတ်(၁၅)၌ ကျင်းပပြုလုပ်ရာ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ၊ ဒုတိယဝန်ကြီးများ နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မဲခေါင်-လန်ချန်း ပူးပေါင်း ဆောင်ရွက်မှု ညှိနှိုင်းကွပ်ကဲရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ စိတ်ဝင်စားမှုတူညီရာအဖွဲ့ (CIGs) ၇ ဖွဲ့မှ တောင်သူကိုယ် စားလှယ်များ၊ သမဝါယမအသင်းများ ၊ နေပြည်တော်ဝါးစိုက်ပျိုးရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပျဉ်းမနားနှင့် လယ်ဝေးမြို့နယ်တို့မှ မြို့နယ်စိုက်ပျိုးရေးတာဝန်ခံများ တက်ရောက်ခဲ့ကြသည်။

သိုလှောင်ထုတ်ပိုးခြင်းအလုပ်ရုံ ဖွင့်ပွဲအခမ်းအနား တွင် ပြည် ထောင်စုဝန်ကြီး ၊ ဒုတိယ ဝန်ကြီးများ နှင့် မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ညှိနှိုင်းကွပ်ကဲရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ တို့က သိုလှောင် ထုပ်ပိုးခြင်း အလုပ်ရုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ကမ္ပည်းမော်ကွန်း ကြေးပြားအား နံ့သာရည်ပက်ဖျန်းကြကာ သိုလှောင်ထုပ်ပိုးခြင်း၊ လုပ်ငန်းသုံးပစ္စည်း ကိရိယာ များ နှင့် လက်တွေ့သရုပ်ပြသနေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။ ယခုဖွင့်လှစ် သည့် သိုလှောင်ထုပ်ပိုးခြင်း အလုပ်ရုံ (Warehouse, Packaging and Processing Building) တွင် အခြောက်ခံစက်၊ လေစုပ်အိတ်ပိတ်စက်၊ နှီးဖြာစက်၊ မျှစ်လှီးစက်များ ကို ထားရှိပြီး လုပ်ငန်းများ ရေရှည်လည်ပတ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

လုပ်ငန်းသုံးပစ္စည်းနှင့်ရန်ပုံငွေ ပေး အ ပ် ပွဲ အ ခ မ်း အ နား တွ င် ပြည်ထောင်စုဝန်ကြီး နှင့် တာဝန်ရှိသူများက ပျဉ်းမနားမြို့နယ် အောင်ဘိသိတ်၊ မြသီတာ၊ ဆိတ်ဖူးတောင်၊ လွှက်တောင် နှင့် နန်းလွင်စန်း ကျေးရွာ တို့မှ စိတ်ဝင်စားမှု တူညီရာအဖွဲ့(CIGs) (၇)ဖွဲ့၏ တောင်သူကိုယ်စားလှယ်များနှင့် အလင်းရောင် သမဝါယမအသင်း ၊ ငွေမြိုင် သမဝါယမအသင်း နှင့် ပျဉ်းမနားနှင့်

စာ-၂ သို့

တောင်သူများအတွက် သဘာဝမြေဩဇာ
စ – ၄

ထိန်းသိမ်းရမည့် ကျားပါးငါးမျိုးစိတ် ရေနဂါး
စ – ၂၀



# မြန်မာနိုင်ငံရှိ ရေသယံဇာတအရင်းအမြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်း

နေပြည်တော်၊ ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံရှိ ရေသယံဇာတ အရင်းအမြစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ ကို ယမန်နေ့ ညနေပိုင်း က စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ဒုတိယဝန်ကြီး ဦးဖိုလ်ဖိုလ်ကျော် ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေး မှူးချုပ်များ နှင့် ဌာနတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာ၌ မိမိတို့နိုင်ငံသည် မြေပေါ်မြေအောက် ရေသယံဇာတအရင်းအမြစ်ပေါကြွယ်ဝသော်လည်း ရေအရင်းအမြစ် ကြွယ်ဝမှုနှင့် တည်ရှိမှုအခြေအနေသည် နေရာဒေသလိုက်၍ ကွဲပြားခြားနားမှု ရှိနေ ပါကြောင်း၊ ရာသီဥတု ပြောင်းလဲမှု ဖြစ်စဉ်များကြောင့် ရေရှားပါးမှု အခက်အခဲများဖြေရှင်း ခြင်း နှင့် အရေးပေါ် ရေလိုအပ်ချက်ရှိသည့် ဒေသများတွင် အချိန်မီဖြည့်ဆည်း ဆောင်ရွက် ပေးနိုင်ရေး၊ ရေသယံဇာတ အရင်းအမြစ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေး အတွက် ယနေ့အစည်းအဝေးတွင် အကြံပြုဆွေးနွေးကြရန် လိုကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲ တွင် နိုင်ငံတော်၏ ရေသယံဇာတ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် နေစေရန် လိုအပ်သော ထိန်းသိမ်းစောင့်ရှောက်မှုများ ဆောင်ရွက်နိုင်ရန် ရေဆိုင်ရာ စီမံခန့်ခွဲသည့် ဝန်ကြီးဌာန၊ မြစ်ဝှမ်းဒေသအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ နှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ Myanmar National Water Policy အပေါ်အခြေခံ၍ နိုင်ငံ(၁၀)နိုင်ငံ မှ ရေနှင့် ပတ်သက်သည့်စီမံခန့်ခွဲမှုဆိုင်ရာ အဖွဲ့ အစည်းများ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုများအား စံနမူနာထား လေ့လာပြီး မြန်မာနိုင်ငံ၏ ရေအရင်းအမြစ်တည်ရှိမှု၊ သုံးစွဲမှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့ကြကြောင်း သတင်း ရရှိသည်။

ePaper များကို ရယူလိုက်ပါ
Agribiz News www.agribiznews.com.mm
သယံဇာတ စိုက်ပျိုးရေး သတင်း
agribiznews.com.mm

စာ-၃ မှ

ဝက်ခန့်၊တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့်လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်ပြီး၊ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံ နှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်ခန့်စီ၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ပေဝက်ခန့်၊ သံလွင် မြစ်ရေသည် ဘားအံမြို့တွင် ပေဝက် ခန့်၊ ငဝန်မြစ်ရေသည် သာပေါင်းမြို့ နှင့်ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ ကုလားတန်မြစ်ရေသည် ကျောက်တော်မြို့ တွင် ပေဝက်ခန့်နှင့် လေးမြို့မြစ်ရေသည် မြောက်ဦး မြို့ တွင် ပေဝက်ခန့် လက်ရှိရေမှတ်များ အထက် မြင့်တက် လာနိုင် ပါသည်။

မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန

ရှေ့ဖုံး မှ

လယ်ဝေး မြို့နယ်စိုက်ပျိုးရေးရုံး တို့အား လုပ်ငန်းသုံးစက် ပစ္စည်းများ နှင့် ရန်ပုံငွေများ ပေးအပ်ခဲ့ကြသည်။ စီမံကိန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ရခြင်းကြောင့် တောင်ပေါ်ဒေသရှိ ဝင်ငွေနည်းပါးသူများ၊ လယ်ယာမြေပိုင်ဆိုင်မှု နည်းပါးသည့် အသေးစား တောင်သူများ ဆင်းရဲနွမ်းပါးမှု လျော့ပါးပြီး စားနပ်ရိက္ခာနှင့်ဝင်ငွေများ လုံလောက်မှု ရှိလာနိုင်ခြင်း၊ အဖွဲ့အစည်း စီမံအုပ်ချုပ်မှု စနစ်ဆိုင်ရာ အလေ့အကျင့်ကောင်းများ ရရှိလာနိုင်ခြင်း ၊ တန်ဖိုးမြှင့် ဝါးလက်မှုပစ္စည်းထုတ်လုပ်ခြင်း လုပ်ငန်းများတွင်တောင်သူများ၏ လုပ်ငန်းဆောင်ရွက်မှုကို လွယ်ကူချောမွေ့စေပြီး ကျေးလက်နေ အိမ်ထောင်စုများ၏ မိသားစု စားဝတ်နေရေးအတွက် အထောက် အကူဖြစ်စေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိခဲ့ကြောင်း (CIGs)တောင်သူတစ်ဦးက ပြောသည်။

ယခုစီမံကိန်းကို ဆောင်ရွက်ခဲ့ခြင်းဖြင့် နိုင်ငံတော်၏ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေးကို အကောင်အထည်ဖော်နိုင်မှုနှင့်အတူ ဝါးသစ်တောများကို စနစ်တကျ သုံးစွဲနိုင်ရေး နှင့် သစ်တောသယံဇာတများ ရေရှည်ဖွံ့ဖြိုးရေး လုပ်ငန်းများကို အထောက်အကူပြုစေနိုင်ကြောင်း ၊ ကျေးရွာများ၏ လုပ်ငန်းအောင်မြင်မှုနှင့် အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ ဖြစ်ပေါ်လာမှုအပေါ်မူတည်၍ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်နိုင်သည့်အထိ နည်းပညာပေးလုပ်ငန်းများနှင့် လိုအပ်ချက်များ ပံ့ပိုး ကူညီ ဆောင်ရွက်ပေး သွားမည် ဖြစ် ကြောင်း သိရှိရသည်။

□

THE AGRIBIZNEWS

တာဝန်ခံအယ်ဒီတာ
ထွန်းသက်ပိုင်

အယ်ဒီတာအဖွဲ့ဝင်များ
ကျော်သူနိုင်
အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)

ထုတ်ဝေသူ
ဦးမျိုးတင့်ထွန်း(မြ-၀၀၄၁၀)

ရုံးအမှတ်(၄၃) စိုက်ပျိုးရေး မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန
ဖုန်း-၀၆၇-၃၄၁၀၁၄၂

□

# ဇန်နဝါရီ ဒုတိယ ၁၀ ရက်ပတ် မိုးလေဝသအခြေအနေ

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူ ထပ်နိုင်ပြီး၊ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင်တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပါသည်။

## မိုးအခြေအနေနှင့် မိုးရွာရက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး၊ နေပြည်တော်၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တစ်ရက်မှ နှစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပြီး၊ နေပြည်တော်၊ စစ်ကိုင်းတိုင်း ဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် တိမ်အသင့်တင့် ဖြစ်ထွန်းနိုင်ပါသည်။

## ညအပူချိန်

ရှမ်းပြည်နယ်(တောင်ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် ဇန်နဝါရီလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ် နှင့်အထက် ပိုနိုင်ပြီး၊ ချင်းပြည်နယ်တွင်ဇန်နဝါရီလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ဒီဂရီစင်တီဂရိတ်နှင့်အောက် လျော့နည်းနိုင်ကာ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်ပါသည်။

## မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇ ရက်မှ ၉ ရက်ခန့်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်း ဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ၄ ရက်မှ ၆ ရက်ခန့်နှင့် မကွေးတိုင်း ဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့်ဧရာဝတီ တိုင်းဒေသကြီးတို့တွင် တစ်ရက်မှ သုံးရက်ခန့် နံနက်ပိုင်းတွင် မြူထူများ ဆိုင်းနိုင်ပါသည်။

## မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့ ၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိ ရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့ ၊ မော်လိုက်မြို့ ၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိ ရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် သုံးလက်မခန့်၊ စစ်တောင်းမြစ် ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် သုံးလက်မခန့်၊ ပဲခူးမြစ် ရေသည် ဇောင်းတူမြို့တွင် ပေဝက်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် သုံးလက်မခန့်၊ငဝန်မြစ်ရေသည် ငါးသိုင်းချောင်း မြို့တွင် ပေ

စာ-၂ သို့

# ပြည်တွင်းရော်ဘာဈေး လျော့ကျလျက်ရှိ

မွန်ပြည်နယ် ရော်ဘာဈေးကွက်တွင် ရော်ဘာဈေးသည် တစ်ပေါင်လျှင် ကျပ် ၁,၆၀၀ ဝန်း ကျင်သို့ ကျဆင်းခဲ့သည်။ အောက် တိုဘာ ၁၈ ရက်နေ့တွင် မှိုင်းခံအဆင့်-၃ တစ်ပေါင်လျှင် ၁,၇၉၀ ကျပ်နှင့် နေလှန်းရော်ဘာ ၁,၇၇၀ ကျပ်အထိ အမြင့်ဆုံး ဈေး နှုန်း ရောက် ရှိ ခဲ့ သည် ။ လက်ရှိ နေလှန်းရော်ဘာ တစ်ပေါင်လျှင် ၁,၆၁၀ ကျပ် နှင့် မှိုင်းခံအဆင့်-၃ တစ်ပေါင်လျှင် ၁,၆၃၀ ကျပ်သို့ ကျဆင်းသွားခဲ့သည်။

ကမ္ဘာ့ ရော် ဘာ ဝ ယ် လို အား၊ အရှေ့တောင်အာရှနိုင်ငံများရှိ ရော်ဘာထုတ်လုပ်မှု နှင့် ဈေးကွက်ရောင်းလိုအားတို့သည် မြန်မာ့ရော်ဘာဈေးနှုန်းကို သက်ရောက်မှုဖြစ်စေသည်။ မြန်မာနိုင်ငံ၏ ရော်ဘာ အများဆုံးထွက်ရှိရာ မွန်ပြည်နယ်တွင် ရော်ဘာပေါက်ဈေးသည် အဆိုပါအချက်များအပေါ် များစွာ မူတည်လျက်ရှိကြောင်း ကုန်သည်များက ပြောသည်။

မြန်မာ့ရော်ဘာထုတ်လုပ်မှုမှာ တစ်နှစ်လျှင် တန်ချိန် သုံးသိန်းခန့် ရှိသည်။ မြန်မာနိုင်ငံမှ ထွက်ရှိသော ရော်ဘာ ၇၀% ကို တရုတ်နိုင်ငံသို့ တင်ပို့ပြီး စင်ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ ကိုရီးယားသမ္မတနိုင်ငံ၊အိန္ဒိယ၊ ဂျပန်နှင့် အခြားနိုင်ငံများသို့လည်း တင်ပို့ရောင်းချလျက် ရှိသည်။

မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းအနေဖြင့် လက်ရှိ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်၊ ဧပြီ ၁ ရက်နေ့မှစ၍ တန်ချိန် သုံးသိန်း တင်ပို့နိုင်ရန် ရည်မှန်းထားကြောင်း သိရှိရသည်။ ၂၀၂၃ ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၁ရက်နေ့အထိ အမေရိကန်ဒေါ်လာ ၁၂၃ ဒသမ ၆၉၁ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန်ပေါင်း ၉၉,၆၆၀ တန် တင်ပို့နိုင်ခဲ့သည်။

ပြီးခဲ့သည့် ၂၀၂၂-၂၃ ဘဏ္ဍာ နှစ်တွင် ရော်ဘာထုတ်လုပ်မှုသည် တန်ချိန်ပေါင်း ၃ ဒသမ ၆ သိန်းကျော်ရှိခဲ့ပြီး ရော်ဘာတန်ချိန် ၂ သိန်းကျော်ကို ပြည်ပကုန်သွယ်မှု မိတ်ဖက်များသို့ တင်ပို့နိုင်ခဲ့သည်။

ရော်ဘာကို မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် အများအားဖြင့် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ၂၀၁၈-၁၉ ခုနှစ်၊



ရော်ဘာရာသီစာရင်းအရ မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ဧက ၁ ဒသမ ၆၂၈ သန်းကျော်ရှိပြီး မွန်ပြည်နယ်တွင် ၄၉၇,၁၅၃ ဧက၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၃၄၈,၃၄၄ ဧကနှင့် ကရင်ပြည်နယ်တွင် ၂၇၀,၇၆၀ ဧက ရှိကြောင်း သိရှိရသည်။

၂၀၂၀-၂၁ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံသည် ရော်ဘာတင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၄၄၉ သန်း ကျော် ရရှိခဲ့ကြောင်း သိရှိရသည်။

**မြတ်ဖူးငုံဦး**

https://www.gnlm.com.mm/rubber-prices-stay-low-in-domestic-market/



## ၂၁ ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကျင်းပ

# မြေပဲနှင့်နေကြာမျိုးစေ့ ထုတ်လုပ်ခြင်း ခေါင်းစဉ် ဆွေးနွေး

နေပြည်တော်၊ ဇန်နဝါရီ ၆

စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတွင် တောင်သူနှင့် သုတေသီများ အတွေးအမြင် အယူအဆ ကွာဟမှု ကွက်လပ် မရှိစေပဲ အပြန်အလှန် နားလည် ယုံကြည်စွာ ပူးပေါင်းဆောင်ရွက် နိုင်ကြစေရန်၊ တောင်သူများနှင့် ပညာရှင်များ ၊ သုတေသီများ စဉ်ဆက်မပြတ် ထိတွေ့ ဆွေးနွေး နိုင်ကြစေရန် တောင်သူ နည်းပညာ ဆွေးနွေးပွဲ (Farmers' Technical Forum)ကို အပတ်စဉ် စနေနေ့တိုင်း ရေဆင်း စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ၌ ကျင်းပလျက်ရှိသည်။

"တောင်သူများပူးပေါင်းဆောင်ရွက်သော မြေပဲနှင့် နေကြာမျိုးစေ့ထုတ်လုပ်ခြင်း" ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက ကျင်းပသည့် (၂၁)ကြိမ်မြောက် ဆွေးနွေးပွဲတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ် တို့မှ တောင်သူများ၊ စိုက်ပျိုးရေး အထူးပြုကုမ္ပဏီများမှ တာဝန်ရှိသူများ စုစုပေါင်း (၁၀၃)ဦး ပါဝင်တက်ရောက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် က ဆွေးနွေးမှာကြားရာတွင် မြေပဲသီးနှံသည် လူနှင့်တိရစ္ဆာန်တို့အတွက် အဟာရရှုထောင့် ဘက်မှ အလွန်အရေးပါသည့် သီးနှံဖြစ်ပါကြောင်း၊ သုတေသနပညာရှင်များ အနေဖြင့် တောင်သူများ၏ မြေပဲသီးနှံ စိုက်ပျိုးထုတ်လုပ်ရာတွင် တောင်သူများလက်ရှိ ကျင့်သုံးနေသည့် စိုက်ပျိုးထုတ်လုပ်မှုကို သုတေသနပြု မှတ်တမ်းတင်ထားရန် Bench Marking လိုအပ် ပါကြောင်း၊ စပါးအပြီး ဆီထွက်သီးနှံများစိုက်ပျိုးရန် နေရာဒေသအလိုက် မြေဆီလွှာ အဟာရစီမံခန့်ခွဲမှု ဆိုင်ရာ သုတေသနများ ၊ စပါးအပြီး မြေပဲ၊ မတ်ပဲ သီးနှံများ အပါအဝင် ယာသီးနှံများ အထွက်နှုန်းတိုးတက်စေရေး အတွက် တစ်ရေ ၊ နှစ်ရေ ပေးသွင်းခြင်းဖြင့် သီးနှံ အထွက်တိုးခြင်းကို လေ့လာသုတေသနပြုရန်လိုအပ်ခြင်း ၊ စိုက်ပျိုးမြေ တွင် တီကောင်များပေါကြွယ်ဝမှုအပြင် ဝတ်မှုံကူးပေးနိုင်သည့် အင်းဆက်ပိုးများ ပေါကြွယ်ဝမှုများ လေ့လာရန်လိုအပ်ခြင်း၊ စပါးအပြီးယာသီးနှံများတွင် ရေသွင်းစနစ်များ ဖွံ့ဖြိုးရန် လိုအပ် လျက်ရှိကြောင်း၊ တောင်သူများအား အထူးမှာကြားလိုသည်မှာ သီးနှံတစ်ခု စိုက်ပျိုးပါက အရင်းကျေ သီးနှံတစ်မျိုးမျိုး ထည့်သွင်း စိုက်ပျိုး စေလိုပါကြောင်း အကြံပြုတိုက်တွန်း ပါကြောင်း၊ ယခုကဲ့သို့ အပတ်စဉ်ကျင်းပလျက်ရှိသည့် တောင်သူပညာပေးဆွေးနွေးပွဲများ အရည်အသွေးပိုမိုတိုးတက်လာရေး အတွက်မည်သို့ဆောင်ရွက်သင့်သည်ကို တောင်သူများ သုတေသီများနှင့် ဆွေးနွေးတိုင်ပင်သင့်ပါကြောင်း ပြောကြားပြီး နိုင်ငံတကာမှ လယ်သမား ဈေးကွက်နှင့် စပ်လျဉ်း၍ အတွေ့အကြုံများကို ဗဟုသုတဖြစ်ဖွယ်မျှဝေဆွေးနွေး ပြောကြား သည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာကြသော တောင်သူလယ်သမားများ က မိမိတို့ထုတ်လုပ်သည့် ထုတ်ကုန်များကို ကိုယ်တိုင် ရောင်းချနိုင်မည့် တောင်သူလယ်သမား ဈေး ပေါ်ပေါက်လာစေလိုကြောင်း နှင့် ယင်းတို့၏ လယ်ယာလုပ်ငန်းခွင် အခက်အခဲများကို ဆွေးနွေး တင်ပြကြသည်။

၂၁ ကြိမ်မြောက် တောင်သူ နည်း

# တောင်သူများကိုယ်တိုင် သဘာဝမြေဆွေး ထုတ်လုပ်နိုင်မည့်စနစ် စမ်းသပ်ဆောင်ရွက်



နေပြည်တော်၊ ဇန်နဝါရီ ၁၂

တောင်သူများ အလွယ်တကူ ရရှိနိုင်သော ကုန်ကြမ်းများဖြင့် သဘာဝမြေသြဇာများ တနိုင်တပိုင် ထုတ်လုပ်နိုင်စေရန် ရည်ရွယ်လျက် စက်မှုလယ်ယာဦးစီးဌာနက နေပြည်တော် တဲကြီးကုန်းကျေးရွာတွင် လေပေး၍ ဆွေးမြေ့စေမည့်စနစ် (Aerated Static Compost System)ဖြင့် သဘာဝမြေဆွေး ပြုလုပ်ခြင်းကို စမ်းသပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလျား ၁၀ ပေ၊ အနံ ၈ ပေ အရွယ်အစားရှိသော လေမှုတ်စနစ်ပါဝင်သည့် ကန်ကို တည်ဆောက်ပြီး ကောက်ရိုးများ၊ သီးနှံပင်အရွက်စိမ်းများနှင့် နွားချေးများကို အလွှာလိုက် ထည့်သွင်းကာ ပလပ်စတစ်ဖုံး၍ နေ့စဉ် လေမှုတ်သွင်းခြင်းကို ဆောင်ရွက်ခဲ့သည်။ ရက် ၁၀၀ အကြာ၌ ဖော်ယူရရှိသည့် မြေဆွေးများတွင် သီးနှံစိုက်ရာတွင် သဘာဝမြေသြဇာအဖြစ် သုံးရန်လိုအပ်သည့် ဓါတ်သတ္တုများ ပါဝင်နေသည်ကို တွေ့ရှိရသည်။

တောင်သူများ တွေ့ကြုံနေရသည့် မြေဆီလွှာ ပျက်စီးချတ်ယွင်းမှုများကို ပြန်လည်အားဖြည့်ပေးနိုင်ရန် လိုအပ်သည့် သဘာဝမြေဆွေးများကို ဤစနစ်ဖြင့် အလွယ်တကူ ထုတ်လုပ်အသုံးပြုနိုင်မည်ဖြစ်သည်။ ဤစမ်းသပ်မှု၏ ရလဒ်များ၊ ဆောင်ရွက်မှုနည်းစနစ်များ၊ တွေ့ရှိချက်များကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် စက်မှုလယ်ယာဦးစီးဌာနက ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



# ဓာတ်မြေဩဇာထုတ်လုပ်မှုနှင့်တင်ပို့မှု ၂၀၂၄ တွင် ရုရှားမြှင့်တင်မည်

၂၀၂၃ ခုနှစ် ရလဒ်များကိုအခြေခံ၍ ရုရှားနိုင်ငံသည် ဓာတ်မြေဩဇာ ထုတ်လုပ်မှုနှင့် တင်ပို့မှု ကို ၂၀၂၄ ခုနှစ်တွင် တိုးမြှင့်ထုတ်လုပ်နိုင်ကြောင်း၊ ထုတ်လုပ်မှုတန်ချိန် အနေဖြင့် ၆၄ သန်းကျော် ရှိလာနိုင်ပြီး ယခင်နှစ်ထက် ၁၀ ရာခိုင်နှုန်း တိုးမြှင့်လာနိုင်ကြောင်း ရုရှား ဓာတ်မြေဩဇာထုတ်လုပ်သူများအသင်း; (RAFP) ဥက္ကဋ္ဌ Mr. Andrey Guryev မှ ပြောကြား ခဲ့သည်။

အဆိုပါအသင်း၏ ခန့်မှန်းချက်အရ ဓာတ်မြေဩဇာထုတ်လုပ်မှုနှုန်းသည် ၂၀၂၃ ခုနှစ်ထက် ၁၀ ရာခိုင်နှုန်းအထိ တိုးလာနိုင်ပြီး မက်ထရစ်တန်ချိန် ၆၄ သန်းကျော်အထိ ရှိလာမည်ဖြစ်၍ ပြည်ပ သို့ တင်ပို့မှုလည်း တိုးလာမည်ဖြစ်ကြောင်း သိရှိရသည်။ အချက်အလက်များအရ ၂၀၂၃ ခုနှစ် ၁၁ လတာအတွင်း ရုရှားနိုင်ငံ၏ ဓာတ်သတ္တုမြေဩဇာ ထုတ်လုပ်မှုသည် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး တန်ချိန် ၅၃ သန်းကျော်ရှိကြောင်း သိရှိရသည်။

ရုရှားဓာတ်မြေဩဇာထုတ်လုပ်သူများသည် ပိတ်ဆို့အရေးယူမှုကြားမှ ရင်းနှီးသော မိတ်ဆွေ နိုင်ငံများ၏ ဈေးကွက်သို့ ဓာတ်မြေဩဇာ ပိုမိုတိုးမြှင့်တင်ပို့ခဲ့ကာ ပြီးခဲ့သည့်နှစ်တွင် အဆိုပါနိုင်ငံ များသို့ ဓာတ်မြေဩဇာ တင်ပို့မှုသည် ၇၀ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ယခုနှစ်တွင် ၇၅ ရာခိုင်နှုန်းအထိ တိုးလာခဲ့သည်။ ထို့အပြင် ယခုနှစ်ကုန်တွင် ပို့ကုန်ပမာဏ တိုးတက်မှုနှုန်း သည် ၂၀၂၁ ခုနှစ်က အဆင့်သို့ ပြန်လည်ရောက်ရှိရန် မျှော်လင့်ထားကြောင်း အသင်း ဥက္ကဋ္ဌမှ ပြောကြားသည်။

၂၀၂၂ ခုနှစ်တွင် ဖော်ရွေမှုမရှိသော နိုင်ငံများသို့ ရုရှားဓာတ်မြေဩဇာ တင်ပို့မှုပမာဏသည် တန်ချိန် ၁၀ သန်းအထိ ကျဆင်းသွားခဲ့ပြီး ၂၅-၃၀ ရာခိုင်နှုန်းခန့် ရှိကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ၁၅-၂၀ ရာခိုင်နှုန်းအထိ ထပ်မံကျဆင်းသွားနိုင်ကြောင်း၊ လက်ရှိ တင်ပို့မှုအများစုသည် ကမ္ဘာ့တောင်ဘက် နိုင်ငံများသို့ ဦးစားပေး ပေးပို့လျက်ရှိပြီး အိန္ဒိယနှင့် ဘရာဇီးတို့သည် ထိပ်တန်းရောင်းချရာ ဈေးကွက်များ ဖြစ်ကြောင်း သိရှိရသည်။

ရုရှားအစိုးရသည် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်မှ ၂၀၂၄ ခုနှစ်၊ မေလ ၃၁ ရက်အထိ နိုက်ထရိုဂျင်ဓာတ်မြေဩဇာများ ( ယူရီးယား၊ ယူရီးယား-အမိုနီယမ် အရောအနှော၊ အမိုနီယမ်နိုက် ထရိတ်) တန်ချိန် ၉ ဒသမ ၈၁ သန်း အပါအဝင် စုစုပေါင်း ဓာတ်မြေဩဇာပို့ကုန်ခွဲတမ်း ပမာဏကို တန်ချိန် ၁၆ ဒသမ ၉၅ သန်း သတ်မှတ်ထားသည်။

ရုရှားအစိုးရသည် ပြည်တွင်းဈေးကွက်ကို ကာကွယ်ရန်အတွက် ကုန်စည်အချို့အပေါ် လိုက်လျောညီထွေရှိသော ပို့ကုန်ခွန်များကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်၍ သတ်မှတ်ကျင့်သုံးခဲ့ပြီး ၎င်းကုန်စည်များအနက် ဓာတ်မြေဩဇာလည်း အပါအဝင်ဖြစ်ကာ ဒေါ်လာငွေ လဲလှယ်နှုန်းအပေါ် မူတည်၍ ဓာတ်မြေဩဇာပို့ကုန်ခွန်များ တိုးမြှင့်မည်ဖြစ်သဖြင့် ရုရှားနိုင်ငံမှ နိုင်ငံတကာသို့ တင်ပို့သော ဓာတ်မြေဩဇာများ၏ ဈေးနှုန်းများမြင့်တက်လာနိုင်ကြောင်း သုံးသပ်ရပေသည်။

ခွန်မျိုးသူ

https://ria.ru/ 20231227/ ksport-1918511808.html
https://www.interfax.ru/ business/932977




တရုတ်နိုင်ငံသည် သွင်းကုန်နှင့် ပို့ကုန်များအပေါ် ကောက်ခံသည့်အခွန်နှုန်းထားများကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့မှ စတင်၍ ချိန်ညှိမည် ဖြစ်ကြောင်း နိုင်ငံတော်ကောင်စီ၏ အကောက်ခွန်ကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည်ဟု သိရှိရသည်။

ကော်မရှင်က ထုတ်ပြန်သည့် ကြေညာချက်အရ တရုတ်နိုင်ငံသည် ကုန်စည် (၁၀၁၀)မျိုး အပေါ်တွင် Most-Favored Nation Rates(MFN) ထက်နည်းသော သွင်းကုန်ခွန်များကို ကောက်ခံမည်ဖြစ်ကြောင်း သိရှိရသည်။

ဥပမာအားဖြင့် တရုတ်နိုင်ငံသည် နိုင်ငံအတွင်း၌ ရှားပါးသော ကုန်ကြမ်းများ၊ အဓိကကျသည့် စက်ကိရိယာများနှင့် အစိတ်အပိုင်းများ၊ ကင်ဆာရောဂါအချို့နှင့် ရှားပါးရောဂါများကို ကုသရန် အတွက် ဆေးဝါးများနှင့် ကုန်ကြမ်းများ၊ ကျန်းမာရေးအထောက်အကူပြု အစားအစာနှင့် စိုက်ပျိုးရေးထွက်ကုန်အချို့ကို သွင်းကုန်ခွန်လျှော့ချမည် သို့မဟုတ် ကင်းလွတ်ခွင့်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။ ထို့အပြင် တရုတ်နိုင်ငံသည် သန့်စင်ပြီး အလူမီနီယံအပေါ် ပို့ကုန်ခွန် လျှော့ချမည် ဖြစ်ကြောင်းလည်း သိရှိရသည်။

တစ်ချိန်တည်းတွင် တရုတ်နိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက်စဉ်က ကတိ ကဝတ်ဘောင်အတွင်းမှ ethylene၊ propylene နှင့် liquid crystal glass substrates အချို့အပေါ် သွင်းကုန်ခွန်များကို တိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း သိရှိရသည်။

လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်နှင့် ဦးစားပေးကုန်သွယ်မှုအစီအစဉ်များအရ ဈေးကွက်ပိုမိုဖွင့်လှစ်နိုင်ရန် ကြိုးပမ်းသည့်အနေဖြင့် တရုတ်နိုင်ငံသည် နိုင်ငံပေါင်း (၃၀)မှ အချို့ သော ကုန်ပစ္စည်းများအပေါ် လာမည့်နှစ်တွင် သမရိုးကျအကောက်ခွန်နှုန်း(conventional tariff rates) ကို ကောက်ခံမည်ဖြစ်ကြောင်း သိရှိရသည်။

တရုတ်နိုင်ငံနှင့်သံတမန်ဆက်ဆံရေးထူထောင်ပြီး စာလွှာဖလှယ်မှုပြီးမြောက်သော ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများကို လာမည့်နှစ်တွင်အကောက်ခွန်သက်သာကင်းလွတ်ခွင့်များ ဆက်လက် ပေးအပ်မည်ဖြစ်ကြောင်း သိရှိရသည်။

ကေခိုင်ကျော်

https://english.www.gov.cn/news/202312/21/content_ WS65840318c6d0868f4e8e26 a1.html

# ပဲစင်းငုံနှင့်မတ်ပဲ တင်သွင်းမှုအပေါ် ၂၀၂၅ မတ်လအထိ ကန့်သတ်ချက် မရှိကြောင်း အိန္ဒိယထုတ်ပြန်

ပြည်တွင်းရောင်းလိုအား မြှင့်တင်ရန်နှင့် ဈေးနှုန်းတည်ငြိမ်စေရန်အတွက် အိန္ဒိယအစိုးရ၊ နိုင်ငံခြားကုန်သွယ်မှု အထွေထွေညွှန်ကြားမှုဦးစီးဌာန (DGFT) က မတ်ပဲနှင့် ပဲစင်းငုံတို့ကို လွတ် လပ်စွာ တင်သွင်းခွင့်မူဝါဒကို ၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ သက်တမ်းတိုးလိုက်သည်" ဟု ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

လက်ရှိတွင် အဆိုပါ ပဲမျိုးစုံအတွက် လွတ်လပ်စွာ တင်သွင်းခွင့်မူဝါဒမှာ ၂၀၂၄ ခုနှစ် မတ်လတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ယခုထုတ်ပြန်ချက်ကြောင့် ပဲစင်းငုံနှင့် မတ်ပဲတင်သွင်း မှုကို လွတ်လပ်စွာ တင်သွင်းခွင့်ပြုသည့် ကုန်စည်အုပ်စုအနေဖြင့် ဆက်လက်ခွင့်ပြုခဲ့ခြင်းဖြစ်သဖြင့် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့လျက်ရှိသော ပဲစင်းငုံနှင့် မတ်ပဲများအတွက် ဈေးကွက် အခွင့်အလမ်းများ ဆက်လက်ရရှိနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

မျိုးမြင့်မောင်

Notification No. 54/2023, Directorate General of Foreign Trade, Department of Commerce

# မြန်မာ့ ပဲစင်းငုံ (ခွဲခြမ်း) တန်လေးသိန်းနှင့် မတ်ပဲ (ခွဲခြမ်း) တန် တစ်သန်း အိန္ဒိယ ဝယ်မည်

အိန္ဒိယနိုင်ငံသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီတွင် မြန်မာနိုင်ငံမှ ပဲစဉ်းငုံ (ခွဲခြမ်း) တန် ချိန် ၄ သိန်းကိုလည်းကောင်း ဖေဖော်ဝါရီလတွင် မတ်ပဲ (ခွဲခြမ်း) တန်ချိန် ၁ သန်းကိုလည်းကောင်း တင်သွင်းသွားမည်ဖြစ်ပြီး၊ ပြည်တွင်း၌ ၎င်းပဲအမျိုးအစားများ၏ ဈေးနှုန်းများမြင့်တက်လာမှုကို ထိန်းချုပ်နိုင်ရန် ယင်းသို့ဆောင်ရွက်ခြင်းဖြစ်ကြောင်း အိန္ဒိယအစိုးရ တာဝန်ရှိသူတစ်ဦးက Economic Times သတင်းစာသို့ ပြောကြားခဲ့သည်။

အိန္ဒိယအနေဖြင့် ပဲစိုက်ဧကများ ကျဆင်းပြီး၊ ယခင်နှစ်ကထက် ပဲမျိုးစုံထုတ်လုပ်မှု ကျဆင်းဖွယ်ရှိကြောင်း ခန့်မှန်းထားသည့်အတွက် ယခုအခါတွင် ပဲများကို ပြည်ပမှတင်သွင်း လျက်ရှိသည်။ ယခုနှစ် ဇန်နဝါရီတွင် အဆိုပါပဲများကို သိုလှောင်၍ ဈေးတင်ရောင်းချခြင်းမှ ကာကွယ်ရန်နှင့် စားသုံးသူများ ဈေးနှုန်းသင့်တင့်စွာဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ အစိုးရက ပဲလက်ကျန် သိုလှောင်ထားရှိမှု ပမာဏကို ကန့်သတ်ထိန်းချုပ်ခဲ့သည်။ အဆိုပါ ကန့်သတ်ချက်သည် အောက်တိုဘာလ ၃၀ ရက်နေ့တွင် သက်တမ်းကုန်ဆုံးသွားသည့်အတွက် ဒီဇင်ဘာလကုန်အထိ ထပ်မံ၍ သက်တမ်းတိုးမြှင့်ခဲ့သည်။

ယခုလ ၅ ရက်နေ့က မတ်ပဲ၏ အိန္ဒိယနိုင်ငံတစ်ဝှမ်းလုံး ပျမ်းမျှ လက်လီဈေးမှာ ၁ ကွင် တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၁၁၁၉၈ ဒသမ ၀၉ ရှိပြီး၊ ယခင်နှစ်က ရူပီး ၉၆၂၇ ဒသမ ၄၈ သာရှိခဲ့ကြောင်း အစိုးရ အချက်အလက်များအရသိရသည်။ ပဲမျိုးစုံ လက်လီဈေးဖေါင်းပွမှုသည် အောက်တိုဘာတွင် ၁၈ ဒသမ ၇၉ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ပြီး၊ အဓိကအားဖြင့် ပဲစဉ်းငုံ (၄၀ ဒသမ ၉၄%)၊ ကုလားပဲ (၁၁ ဒသမ ၁၆%) နှင့် ပဲတီစိမ်း (၁၂ ဒသမ ၇၅%) တို့က ဈေးဖေါင်းပွမှု အမြင့်ဆုံးပဲများ ဖြစ်ကြောင်း သိရသည်။ ပဲစဉ်းငုံ ဈေး ဖေါင်း ပွမှု နှုန်း သည် စက်တင်ဘာကထက် ၃၇ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။ အစိုးရအနေဖြင့် မတ်လအတွင်းက ပဲစဉ်းငုံအပေါ် သွင်းကုန်ခွန်ဖယ်ရှားခဲ့ပြီး အာဖရိက နှင့် မြန်မာနိုင်ငံတို့မှ တိုးမြှင့်တင်သွင်းခဲ့သည့်ကြားက ယင်းကဲ့သို့ ဈေးနှုန်းများမြင့် တက်နေခြင်း ဖြစ်သည်။

အဆိုပါ အခြေအနေအား ပိုမိုဆိုးရွားစေသည့်အချက်မှာ ခါရစ်(မိုးရာသီ)တွင် ပဲစဉ်းငုံစိုက် ဧကများ ကျဆင်းပြီး ထုတ်လုပ်မှုကျဆင်းခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အပြန်အလှန်အားဖြင့် လွန်ခဲ့ သောလအနည်းငယ်က စားနပ်ရိက္ခာဈေးနှုန်းများကို မြင့်တက်စေခဲ့သည်။ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်က ပဲစဉ်းငုံစိုက်ဧရိယာ ဟက်တာ ၄ ဒသမ ၆၁ သန်းရှိခဲ့ပြီး၊ ၂၀၂၃ ခုနှစ် ကာလတူတွင် ဟက်တာ ၄ ဒသမ ၃၉ သန်းသို့ ကျဆင်းခဲ့ကြောင်း အစိုးရ အချက်အလက်များက ဖော်ပြထားသည်။

အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာန၏ ၂၀၂၃-၂၄ ခုနှစ် ခရစ်ရာသီ သီးနှံအတွက် ပထမအကြိမ် ကြိုတင်ခန့်မှန်းချက်အရ ပဲစဉ်းငုံအထွက်ကို ယခင်နှစ်နှင့် အလားတူ တန်ချိန် ၃ ဒသမ ၄၂ သန်း ထွက်ရှိမည်ဟု ခန့်မှန်းဖော်ပြထားသည်။ ယခုနှစ် မတ်ပဲစိုက်ဧကမှာ ဟက်တာ ၃ ဒသမ ၀၇ သန်းရှိ ကာ ယခင်နှစ်က ဟက်တာ ၃ ဒသမ ၁၀ သန်းရှိခဲ့သည့်အတွက် ကျဆင်းခဲ့ကြောင်း တွေ့ရသည်။

ပဲစဉ်းငုံ (ခွဲခြမ်း) ကို အိန္ဒိယနိုင်ငံ ဒေသအများအပြားတွင် စားသုံးကြသည့် အတွက် တစ်နှစ်လျှင် တန်ချိန် ၄၅ သိန်း (၄ ဒသမ ၅ သန်း) လိုအပ်ကြောင်း အိန္ဒိယ ပဲမျိုးစုံနှင့် သီးနှံအသင်း ဥက္ကဋ္ဌ Bimal Kothari က ပြောကြားခဲ့သည်။ ယခုနှစ် နိုဝင်ဘာတွင် ပဲစဉ်းငုံဈေးနှုန်း ၄၀ ရာခိုင်နှုန်းနီးပါး မြင့်တက်ခဲ့သည့်အတွက် ပဲမျိုးစုံဈေးဖေါင်းပွမှု ဆက်လက်အရှိန်မြင့်တက်နိုင်သည် ဟု ကျွမ်းကျင်သူများ က ထောက်ပြကြသည်။ ပဲစဉ်းငုံကို လက်လီဈေးကွက်တွင် ၀ ဒသမ ၈ ရာခိုင် နှုန်း ပိုမိုဝယ်ယူကြကြောင်း သိရသည်။ လက်ကားဈေးကွက်တွင် ပဲစဉ်းငုံ (ခွဲခြမ်း) ဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ရူပီး ၈၇ မှ ၉၀ အတွင်းရှိသည်။

ပြည်ပမှ တင်သွင်းထားသော ပဲများ ဈေး ကွက် အ တွင်း ဝင်ရောက်လာပါက ယခုကဲ့သို့ ပဲဈေးနှုန်း ရုတ်တရက်မြင့်တက်ခြင်းမျိုး မရှိနိုင်တော့ဟု ခန့်မှန်းရကြောင်း၊ ယခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံမှ တင်သွင်းထားသော ပဲစဉ်းငုံများသည် အိန္ဒိယသို့ရောက်ရှိလာမည် ဖြစ်ကြောင်း Kothari က ဖြည့်စွက်ပြောကြားခဲ့သည်။

ဘာရိုဒါဘဏ် (The Bank of Baroda) မှ ၂၀၂၃-၂၀၂၄ ခုနှစ် ခါရစ် သီးနှံများထွက်ရှိမှု ကြိုတင်ခန့်မှန်းချက် အစီရင်ခံစာအရ မတ်ပဲ (ခွဲခြမ်း) ထုတ်လုပ်မှုမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် ကျဆင်းဖွယ်ရှိကြောင်းနှင့် ယခင်ဘဏ္ဍာနှစ်က တန်ချိန် ၁ ဒသမ ၇၇ သန်းရှိပြီး၊ ယခုဘဏ္ဍာနှစ်တွင် တန်ချိန် ၁ ဒသမ ၅ သန်းမှ ၁ ဒသမ ၆ သန်းသာရှိမည်ဟု ၎င်းက ခန့်မှန်းထားသည်။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံမှ ပဲမျိုးစုံအဓိက တင်သွင်းရာ ဈေးကွက်ဖြစ်ပြီး ပဲစဉ်းငုံနှင့် မတ်ပဲတို့ကို အများဆုံးဝယ်ယူတင်သွင်းလျက်ရှိသည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများ တွင် အဆိုပါပဲများကို တန်ချိန် ၁ သန်းအထိ မြန်မာနိုင်ငံမှ ဝယ်ယူတင်သွင်းသွားရန် ပြင်ဆင်လျက်ရှိ သည့် အပေါ် သိရှိပြီး၊ လိုအပ်သလို ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန် လေ့လာတင်ပြလိုက်ပါသည်။

**ကောင်းထွဋ်အောင်**

The Economic Times သတင်းဌာန၊ “India to import tur, urad from Myanmar in January-February”

# ကြက်ဥများ တင်သွင်းရန် တူကီယဲ ကုမ္ပဏီ ၂၁ ခုကို ရုရှားခွင့်ပြု



ရုရှား နိုင်ငံသို့ ကြက်ဥများ အိပြည့်အဝ ထောက်ပံ့ပေးရန် အဆင်သင့်ဖြစ်နေပြီဖြစ်ပြီး တင်ပို့မှုများ စတင်နေပြီဟု တူကီယဲနိုင်ငံ ကြက်ဥထုတ်လုပ်သူများသမဂ္ဂ၏ အကြီးအကဲက ပြောကြားခဲ့ သည်။ ရုရှားနိုင်ငံ၏ တိရစ္ဆာန်နှင့် အပင်ပိုးမွှားရောဂါကင်းရှင်းရေး ကြီးကြပ်ကွပ်ကဲမှုဌာန (Rosselkhoznadzor) သည် တူကီယဲနိုင်ငံ၏ ကုမ္ပဏီ ၂၁ ခုကို ရုရှားသို့ ကြက်ဥများ တင်ပို့ရန် ခွင့်ပြု ချက်ပေးထားပြီး ကုမ္ပဏီ ၃ ခုမှာ စတင်ပို့ဆောင်နေပြီဖြစ်သည်။

ရုရှားနိုင်ငံသို့ ကြက်ဥ ၁.၂ ဘီလီယံအား အကောက်ခွန်ကင်းလွတ်ခွင့်စနစ်ဖြင့်တင်သွင်းရန် အကောက်ခွန်နှင့် အခွန်စည်းကြပ်မှုဆိုင်ရာ ဆပ်ကော်မတီက အတည်ပြုခဲ့ကြောင်း၊ ၎င်းအစီအမံ သည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဇွန်လ ၃၀ ရက် အထိ သက်တမ်း ရှိမည် ဖြစ်ကြောင်း ရုရှားစီး ပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက အစောပိုင်းတွင် သတင်းထုတ်ပြန်ခဲ့သည်။

၎င်းအစီအမံသည် ပြည်တွင်းဈေးကွက်ကို တည်ငြိမ်စေရန် ရည်ရွယ်ခြင်းဖြစ်ပြီး မိတ်ဖက် နိုင်ငံများမှ ကြက်ဥများကို တင်သွင်းနိုင်မည်ဖြစ်ကြောင်း၊ ထောက်ပံ့ရေးတိုးမြှင့်ရေးအတွက် ချစ် ကြည်ရင်းနှီးသော နိုင်ငံများနှင့် ညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိကြောင်း၊ အဇာဘိုင်ဂျန်နိုင်ငံမှ တင်ပို့မှုကို မျှော်လင့်ထားပြီး မကြာမီ တူကီယဲနိုင်ငံမှလည်း တင်သွင်းလာမည်ဖြစ်ကြောင်း၊ လာမည့်လတွင် ကြက်ဥဈေးနှုန်းများ တည်ငြိမ်လာမည်ဟု ခန့်မှန်းထားကြောင်း ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာန၏ သတင်းစာရှင်းလင်းပွဲတွင် သတင်းထုတ်ပြန်ထားသည်။

ရုရှား Rosstat စာရင်းအင်းဌာန၏ ဒီဇင်ဘာ ၄ ရက် သတင်းထုတ်ပြန်ချက်အရ ကြက်ဥ ဈေးနှုန်းသည် ၄၂.၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ ယင်းနှင့်စပ်လျဉ်း၍ အာဏာပိုင်များသည် ထုတ်လုပ်သူများကို ပံ့ပိုးကူညီရန်နှင့် ပြည်တွင်းဈေးကွက် တည်ငြိမ်စေရေး ထောက်ပံ့မှုတိုးမြင့်လာစေရန် ရည်ရွယ်သည့်အစီအမံများ ချမှတ်ဆောင်ရွက်ခဲ့သည်။

၂၀၂၃ ခုနှစ်အတွင်း ကြက်ဥဈေးနှုန်းများ မြင့်တက်လာခြင်းသည် ထုတ်လုပ်မှုစရိတ်များ မြင့်တက်လာခြင်းနှင့် စားသုံးသူဝယ်လိုအား တိုးလာခြင်းတို့ကြောင့်ဖြစ်ကြောင်း သုံးသပ်ထားပါသည်။

**ခွန်မျိုးသူ**

https://ria.ru/20231213/yaytsa-1915472263.html

# သားငါးကဏ္ဍဖွံ့ဖြိုးရေးအတွက် ဒေသတွင်းနိုင်ငံများနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆောင်ရွက်





နေပြည်တော် ဇန်နဝါရီ ၉

သားငါးကဏ္ဍ ဖွံ့ဖြိုးရေး အတွက် ဒေသတွင်းနိုင်ငံများ နှင့် နည်းပညာပူးပေါင်း ဆောင်ရွက်မှု မြှင့်တင်လျက်ရှိရာ သဘာဝ သ ယံ ဇာ တ အ ရ င်း အ မြ စ် များ ကို ထိခိုက်မှု မရှိစေဘဲ ထုတ်လုပ်မှု ပမာဏ နှင့် ထုတ်ကုန်အရည်အသွေး တိုးတက်ရေးအတွက် လုပ်ငန်းစဉ် ကွင်းဆက် တစ်လျှောက်တွင် ခေတ်မီ နည်းပညာများ အကျိုးရှိစွာ အသုံး ချနိုင်ရေးကို ပညာရှင်များအပိုင်းက အချိတ်အဆက်မိမိ ဆောင် ရွက်နိုင်ကြစေရန် မွေးမြူရေးပညာရပ်ဆိုင်ရာ ပြည်ပဆွေးနွေးပွဲနှင့် သင်တန်း အတွေ့အကြုံများ ဆွေးနွေး ဖလှယ်ခြင်းကို ဇန်နဝါရီလ ၉ ရက်နေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေး ခန်းမ ၌ ကျင်းပပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ဂျပန်နိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် “(၁၁) ကြိမ်မြောက် တစ်ခုတည်းသော ကျန်းမာရေးဆိုင်ရာ နွေရာသီ ဆွေးနွေးပွဲ” ၊ ကိုရီးယားသမ္မတနိုင်ငံ တွင် ကျင်းပပြုလုပ်ခဲ့သည့် “ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့၏ ရေနေသတ္တဝါများ ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ”၊ မလေးရှားနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် “အာဆီယံ ဒေသတွင်း ကူးစက်ရောဂါ ဖြစ်ပွားမှု စူးစမ်း လေ့လာခြင်းနှင့် အရေးပေါ်တုံ့ပြန်မှု သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ”များ၌ သက်ဆိုင်ရာ ဒေသအလိုက် ကိုယ်စားလှယ်များ၏ ဆွေး နွေး ခဲ့ မှု များ နှ င့် ပ တ် သ က် ၍ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များက ရှင်းလင်းတင်ပြကြသည်။

အလားတူ စင်္ကာပူနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် “ရေထွက်ကုန် ပစ္စည်း ထုတ်ကုန်များဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်းနှင့် အစားအစာဘေးအန္တရာယ် ကင်းရှင်းမှု မြှင့်တင်ခြင်း ဆိုင်ရာအစည်းအဝေး” တွင် ဆွေးနွေးဆောင်ရွက်ခဲ့မှုများ နှင့်ပတ်သက်၍ မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့က ရှင်းလင်းတင်ပြသည်။

ထို့နောက် ထိုင်းနိုင်ငံတွင် ဖွင့်လှစ်ပို့ချခဲ့သည့် “ငါးလုပ်ငန်းကဏ္ဍအတွက် ဇီဝတွက်ချက်မှုဆိုင်ရာ စာ ရ င်း အ င်း အ ချ က် အ လ က် များ ကောက်ယူခြင်း ဒေသတွင်း သင်တန်းနှင့် R-Statistical Program ကို အသုံးပြု၍ ငါးမျိုးစိတ် အရေအတွက် ဆန်းစစ်အကဲဖြတ်ခြင်းဆိုင်ရာခန့်မှန်းတွက်ချက်ခြင်း ဒေသတွင်း သင်တန်း” တွင် တက်ရောက်လေ့လာခဲ့မှု နှင့် အင်ဒိုနီးရှားနိုင်ငံတွင် ဖွင့်လှစ်ပို့ချခဲ့သည့် “တိရစ္ဆာန်များ တွင် ဖြစ်ပွားသော ဘက်တီးရီးယားရောဂါ သန္ဓေအား စစ်ဆေးခြင်းနှင့် သွင်ပြင်လက္ခဏာများ စစ်ဆေးခြင်းဆိုင်ရာ သင်တန်း” တက်ရောက်လေ့လာခဲ့မှု အတွေ့အကြုံများ ကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး နှင့် ဆွေး နွေး ပွဲ တ က် ရော က် လာ ကြ သူများက ဝိုင်းဝန်း သုံးသပ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

# မလေးရှားဒူးရင်း ၂၀၂၄ တွင် တရုတ်သို့တင်ပို့ရန် မျှော်မှန်း

မလေးရှားနိုင်ငံ၏ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေး ဒုတိယဝန်ကြီး Chan Foong Hin ၏ ပြောကြားချက်အရ တရုတ်နိုင်ငံသို့ လတ်ဆတ်သော ဒူးရင်းသီးများကို ၂၀၂၄ ခုနှစ်တွင် စတင် တင်ပို့မည်ဟု သိရှိရသည်။ ဒူးရင်းသီးတင်ပို့မှုကို တရုတ်နှင့် မလေးရှားနှစ်နိုင်ငံ သံတမန်ဆက် ဆံရေး နှစ် (၅၀) ပြည့် အထိမ်းအမှတ်အဖြစ် မေလ (၃၁)ရက်နေ့တွင် စတင်ရန် စီစဉ်ထားကြောင်း ၎င်းက ပြောကြားခဲ့သည်။

တရုတ်အကောက်ခွန်နှင့် မလေးရှားစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးဝန်ကြီးဌာနတို့ သည် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာတွင် တရုတ်နိုင်ငံသို့ မလေးရှားနိုင်ငံမှ လတ်လတ်ဆတ်ဆတ် ဒူးရင်းသီး တင်ပို့မှုဆိုင်ရာ သဘောတူညီချက် ၆ ချက်ကို လက်မှတ်ရေးထိုးပြီးနောက် ယခုကဲ့သို့ ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ တရုတ်ဘက်မှ ဒူးရင်းသီး၏ ပိုးမွှားအန္တရာယ်အကဲဖြတ်မှုကို အချိန်မြှင့် တင်ရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး သီးသန့်ခွဲစစ်ဆေးခြင်းလုပ်ငန်းစဉ်များကို မြှင့်တင်ရာတွင် နှစ်ဖက်စလုံးက ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြကြောင်း သိရှိရပါသည်။



တရုတ်စားသုံးသူများကို အကောင်းမွန်ဆုံး အရသာရရှိစေရန်အတွက် အပြည့်အဝမှည့်နေ သည့် ဒူးရင်းသီးများကိုသာ တရုတ်နိုင်ငံသို့ တင်ပို့မည်ဖြစ်ကြောင်း Chan မှ ပြောကြားခဲ့ပါသည်။ သို့သော်လည်း ထိုအချက်သည် ဒူးရင်းသီးမှည့်များ၏ သက်တမ်းတိုတောင်းမှုကြောင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ စိန်ခေါ်မှုအချို့ကို ဖြစ်ပေါ်စေနိုင်ကြောင်း သိရှိရပါသည်။

လက်ရှိတွင် မလေးရှားနိုင်ငံ၊ စိုက်ပျိုးရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း၏ အဖွဲ့ဝင်များသည် လေကြောင်းနှင့် ရေကြောင်း ကုန်စည်ပို့ဆောင်ရေးအပါအဝင် သယ်ယူပို့ဆောင် ရေးပုံစံအမျိုးမျိုးကို လေ့လာအကဲဖြတ်လျက်ရှိကြောင်း၊ ခန့်မှန်းချက်များအရ လေကြောင်းဖြင့်ပို့ဆောင်ပါက ဒူးရင်းသီးများကို စိုက်ခင်းမှ ခူးဆွတ်ပြီး ၄၈ နာရီအတွင်း တရုတ်နိုင်ငံသို့ ရောက်ရှိ နိုင်ကြောင်း၊ အဆိုပါ ၄၈ နာရီအတောအတွင်း အကောက်ခွန်ရှင်းလင်းခြင်းအပြင် ကွာလာလမ်ပူမှ နန်နင်းသို့ လေးနာရီကြာ လေယာဉ်ပျံသန်းချိန်လည်း ပါဝင်ကြောင်း၊ တရုတ်နိုင်ငံသို့ရောက်ရှိပြီး မကြာမီ အသီးအနှံများကို တရုတ်စားသုံးသူများထံသို့ ရောက်ရှိစေရန်အတွက် ကြိုတင်ရောင်းချမှု နည်းလမ်းကို ကျင့်သုံးရန် အရေးကြီးကြောင်းလည်း ကျွမ်းကျင်သူများက အလေးပေးဖော်ပြထား သည်ဟု သိရှိရပါသည်။

လက်ရှိတွင် ထုပ်ပိုးမှုစနစ်သည် သစ်သီးများ၏ လတ်ဆတ်မှုကို အနည်းဆုံး ၇ ရက်မှ အများဆုံး ၂၁ ရက်အထိ အာမခံပေးထားပြီး ပင်လယ်ရေကြောင်း ကုန်စည်ပို့ဆောင်မှုအတွက် လည်း အခွင့်အလမ်းများရှိကြောင်း၊ နှစ်နိုင်ငံအကြား ဒူးရင်းသီးတင်ပို့မှုသဘောတူစာချုပ်ကို အပြီး သတ်ပြီးသည်နှင့် မလေးရှားသစ်သီးဝလံကဏ္ဍသည် လာမည့်ရာသီအတွက် ပြီးပြည့်စုံသော တင်ပို့မှု လုပ်ငန်းစဉ်တစ်ရပ်ကို ချမှတ်ရန် စီစဉ်နေကြောင်းလည်း သိရှိရပါသည်။

တရုတ်ဈေးကွက်တွင် လတ်ဆတ်သော ထိုင်းနှင့်ဗီယက်နမ် ဒူးရင်းသီးများ ရောင်းချနေ သဖြင့် မလေးရှားနိုင်ငံ၏ Musang King

စာ-၈ သို့



# ၇၆ နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်
# ဝန်ကြီးဌာန မိသားစု အားကစား ပြိုင်ပွဲများနှင့်ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော်၊ ဇန်နဝါရီ ၅

၇၆ နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီး ဌာန ဝန်ထမ်းမိသားစု အားကစား ပြိုင်ပွဲများ နှင့် ဆုချီးမြှင့်ပွဲများကို ဇန်နဝါရီ ၄ ရက်နေ့က နေပြည်တော် ရုံးအမှတ်(၁၅) ၊ ရုံးအမှတ်(၄၃) နှင့် စိုက်ပျိုးရေး သိပ္ပံကျောင်း (ပျဉ်းမနား ) တို့၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဒုတိယဝန်ကြီးများ၊ ဌာနတာဝန်ရှိသူများ တက်ရောက်အားပေးကြပြီး ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

အားကစားပြိုင်ပွဲများတွင် ဖူဆယ်(အမျိုးသား) ဘောလုံးပြိုင်ပွဲ ၊ အမျိုးသား အမျိုးသမီး လွန်ဆွဲပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး စားပွဲတင်တန်းနစ်ပြိုင်၊ အမျိုးသား အမျိုးသမီး စစ်တုရင်ပြိုင်ပွဲ၊ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် အမျိုးသမီး ထုပ်စည်းတိုးပြိုင်ပွဲများ စသည့် အားကစားနည်းများတွင် ဦးစီးဌာန နှင့် တက္ကသိုလ်များ အလိုက် ကိုယ်စားပြုအသင်းများပါဝင်ယှဉ်ပြိုင်ကြသည်။

နိုင်ငံ့ဝန်ထမ်းများ ကိုယ်စိတ်အပန်းပြေစေရေး၊ ကျန်းမာပျော်ရွှင်ရေးနှင့် ဝန်ထမ်းထုအကြား စည်းလုံးညီညွတ်မှု ချစ်ခင်ရင်းနှီးမှုတိုးပွားရေးအတွက် ရည်ရွယ် ၍ ဇန်နဝါရီလ ၁ ရက်နေ့မှ ၃ ရက်နေ့အထိ ကျင်းပခဲ့သည့် ၇၆ နှစ်မြောက် လွတ်လပ်ရေး နေ့ အထိမ်းအမှတ် ဝန်ကြီးဌာန ဝန်ထမ်းမိသားစု အားကစား ပြိုင်ပွဲများ ၌ အားကစားနည်းများအလိုက် ဆုရခဲ့ကြသည့် အားကစားဝါသနာရှင်များကို ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

စာ-၁၂ ကြံ မှ

ကြီးတို့တွင်လည်း စိုက်ပျိုးကြသည်။

ပုံမှန်အားဖြင့် ကြံကို ဒီဇင်ဘာလမှ ဇန်နဝါရီလတွင် စိုက်ပျိုးပြီး၊ နောက်နှစ် နိုဝင်ဘာလမှ ဖေဖော်ဝါရီလတွင် ရိတ်သိမ်းကြသည်။ မြန်မာနိုင်ငံတွင် ကြံစိုက်ပျိုးထုတ်လုပ်မှုစက်ဝန်း (လမိုင်းခင်း အပါအဝင်) ၄ နှစ်ကြာမြင့်ကြောင်း သိရှိရသည်။

**အေးအေးခိုင်**

Global New Light Of Myanmar




စာ-၇ မှ

ဒူးရင်းသီးများကို အခြားနေရာမှ အသီးများနှင့် ခွဲခြားနိုင် စေရန် မလေးရှား ဒူးရင်းသီးအမှတ်တံဆိပ်ကို ဖန်တီးရန် ကျွမ်းကျင်သူများက အကြံပြုထားကြောင်း သိရှိရပါသည်။ မကြာသေးမီက ထွက်ပေါ်လာသော သတင်းများအရ Musang King ဒူးရင်းသီးများ ကို ၂၀၁၇ ခုနှစ်တွင် စတင်စိုက်ပျိုးခဲ့သော ဗီယက်နမ်နိုင်ငံသည် အသီးအရည်အသွေး ကျဆင်းမှု ကြောင့် ဈေးနှုန်းများ ကျဆင်းသွားခဲ့ကြောင်းနှင့် တစ်ချိန်တည်းတွင် ထိုင်းကုန်သည် အချို့သည် မလေးရှားမှဝယ်ယူထားသော ဒူးရင်းသီးများကို "Thai Musang King" တံဆိပ်အောက်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပြန်လည်တင်ပို့သည်ဟု ဇွန်လအတွင်းက စွပ်စွဲမှုများနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရှိရသည်။

၂၀၂၃ ခုနှစ်တွင် မလေးရှားနိုင်ငံသည် ဒူးရင်းသီး ၄၅၅,၄၅၈ မက်ထရစ်တန်ကို ထုတ်လုပ် ခဲ့ပြီး ၁၀ ရာခိုင်နှုန်းသည် တရုတ်၊ ဟောင်ကောင်နှင့် စင်ကာပူသို့ အေးခဲပုံစံဖြင့် တင်ပို့ခဲ့ကြောင်း၊ မလေးရှားနိုင်ငံသည် ၂၀၁၁ ခုနှစ်မှ စတင်၍ တရုတ်နိုင်ငံသို့ အေးခဲထားသော ဒူးရင်းသီးထုတ်ကုန်များကို တင်ပို့ခဲ့ပြီး ၂၀၁၉ ခုနှစ်၊ မေလမှစတင်ကာ အေးခဲထားသော ဒူးရင်းသီးအလုံးများကို တင်ပို့ခဲ့ ကြောင်း သိရှိရပါသည်။

**ကေခိုင်ကျော်**

https://www.producereport.com/article/malaysia-anticipates-start-fresh-durian-exports-china-2024

# ဗီယက်နမ်ဖရဲသီး တရုတ်ဈေးကွက် ဝင်ရောက်ခွင့်ရရှိ



တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs of China - GACC) မှ သတ်မှတ်ထားသောအပင်ပိုးမွှားကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ဗီယက်နမ်နိုင်ငံမှ ဖရဲသီးများကို တရုတ်နိုင်ငံသို့ တင်သွင်းခွင့်ပြုမည်ဟု GACC က ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၁၈ ရက်နေ့တွင် ၎င်း၏ ဝက်ဘ်ဆိုဒ်မှ ကြေငြာချက် ထုတ်ပြန်ခဲ့ကြောင်း သိရှိရသည်။

တရုတ်ပြည်တွင်း၌ ဖရဲသီး အများဆုံးထွက်ရှိသည့်ရာသီသည် ဇွန်လမှအောက်တိုဘာလ အထိဖြစ်ပြီး ဗီယက်နမ် ဖရဲသီးများသည် နိုဝင်ဘာလမှ မေလအထိ ထွက်ရှိသောကြောင့် တရုတ် ဈေးကွက်၌ ဖရဲသီးရာသီကုန်ဆုံးချိန်တွင် ဈေးကွက်လိုအပ်ချက်ကို ဗီယက်နမ်ဖရဲသီးများက ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

ပြီးခဲ့သည့်နှစ်များအတွင်း ဗီယက်နမ် ဖရဲသီးများကို နယ်စပ်ကုန်သွယ်မှုဖြင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချခဲ့သော်လည်း တရုတ်အာဏာပိုင်များက စည်းမျဉ်းစည်းကမ်းများကို ပိုမိုတင်းကြပ်လာသည့်အတွက် ဈေးကွက်မတည်မငြိမ်ဖြစ်ခဲ့ကြောင်း၊ ယခုနှစ် ပထမ ၁၀ လအတွင်း တရုတ်နိုင်ငံသို့ နယ်စပ်မှ ဗီယက်နမ်ဖရဲသီး တင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၄ သန်းရှိခဲ့ကြောင်း၊ ယခုကဲ့သို့ တရားဝင်ဈေးကွက်ဝင်ရောက်ခွင့်ရရှိပါက တရုတ်နိုင်ငံသို့ ပို့ကုန်ပမာဏနှင့် တန်ဖိုးနှစ်ခု စလုံး သိသိသာသာ တိုးတက်လာမည်ဟု မျှော်လင့်ထားကြကြောင်း သိရှိရသည်။

တရုတ်နိုင်ငံသို့ ဖရဲသီး တင်ပို့ရန် ရည်ရွယ်သည့် ဥယျာဉ်ခြံများနှင့် ထုပ်ပိုးသည့် စက်ရုံများသည် ဗီယက်နမ် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန(Ministry of Agriculture and Rural Development – MARD)တွင် မှတ်ပုံတင်ရမည်ဖြစ်ပြီး GACC မှ အတည်ပြုမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။ လက်ရှိတွင် ဗီယက်နမ်မှ ဖရဲသီးစိုက် ပျိုးသည့် ၁၇၉ ခြံကို တင်ပို့ခွင့်ပြုထားကြောင်း သိရှိရသည်။ တရုတ်နိုင်ငံသည် ဘက်တီးရီးယားပိုးမွှား ၅ မျိုးဖြစ်သည့် bacterial fruit blotch (Acidovorax avenae subsp. citrulli)၊ Bactrocera correcta၊ Bactrocera zonata၊ Bactrocera latifronsနှင့် Phenacoccus၊ solenopsis တို့ကို အဓိကထား စစ်ဆေးကြောင်း သိရှိရသည်။

ထို့အပြင် ဥယျာဉ်ခြံများ သည် MARD ၏ ကြီးကြပ်မှုအောက်တွင် တိကျသည့် အရည်အသွေး စီမံခန့်ခွဲမှုနှင့် ခြေရာခံနိုင်မှုစနစ်များကို ထားရှိ၍ good agricultural practices (GAP) နည်းစနစ် များနှင့် ပိုးမွှားစီမံခန့်ခွဲမှုနည်းပညာများကို လိုက်နာရမည်ဖြစ်ကြောင်း၊ ထုပ်ပိုးမှုပိုင်း အနေဖြင့် တရုတ်နိုင်ငံသို့ တင်ပို့မည့် ဖရဲသီးများတွင် ပိုးမွှားများ၊ ပုပ်နေသောအသီးများ၊ အကိုင်း အခက်များ၊ အရွက်များ၊ အမြစ်များနှင့် မြေဆီလွှာများ မပါရှိစေရန်အတွက် အမျိုးအစားခွဲခြင်း၊ အရည်အသွေး သတ်မှတ်ခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို သေချာစွာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် MARD သည် တရုတ်နိုင်ငံသို့ တင်ပို့မည့် ဖရဲသီးများ၏ ၂% ကို ကျပန်းနမူနာယူ၍ ပိုးမွှား အန္တရာယ်ရှိမရှိ စစ်ဆေးရန် လိုအပ်ကြောင်း၊ ပထမနှစ်တွင် ပိုးမွှားပြဿနာများ မရှိပါက နမူနာနှုန်းကို ၁% သို့ လျှော့ချသွားမည်ဖြစ်ကြောင်း၊ အရည်အသွေးမပြည့်မီသောဖရဲသီးများ တွေ့ရှိပါက တရုတ်နိုင်ငံအနေဖြင့် တင်ပို့မှု တစ်ခုလုံးကို ပယ်ချခြင်း သို့မဟုတ် ပိုးတွေ့ရှိသည့် ဥယျာဉ်ခြံ များနှင့် ထုပ်ပိုးသည့် စက်ရုံများမှ တင်ပို့မှုကို ရပ်ဆိုင်းခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မှတ်ပုံတင်ထားခြင်းမရှိသည့် ဥယျာဉ်ခြံများ သို့မဟုတ် ထုပ်ပိုးသည့်စက်ရုံများမှ တင်ပို့သောဖရဲသီးများနှင့် တရုတ်နိုင်ငံ၏ အစားအစာဘေးကင်းရေးစံနှုန်းများနှင့် မကိုက်ညီသော ဖရဲသီးများမှာလည်း တင်ပို့မှုတစ်ခုလုံးကို ငြင်းပယ်ခြင်းခံရမည်ဖြစ်ကြောင်း သိရှိရသည်။

ကေခိုင်ကျော်

https://www.producereport.com/article/fresh-vietnamese-watermelons-granted-china-market-access

□

# ရုရှား အရှေ့ဖျားမှ ရေထွက်ကုန်များတင်ပို့မှု ၇၂ ရာခိုင်နှုန်းတိုးတက်

၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံ၊ အရှေ့ဖျားဒေသ Primorsky နှင့် Sakhalin ခရိုင်တို့မှ ရေထွက် ကုန်များ တင်ပို့မှုပမာဏသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၇၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး တရုတ်နိုင်ငံ သို့ ရေထွက်ကုန်များ တင်ပို့မှုမှာ ၃ ဆ တိုးလာခဲ့ကြောင်း Primorsky ခရိုင်၊ တိရစ္ဆာန်နှင့် အပင် ပိုးမွှားရောဂါကင်းရှင်းရေး ကြီးကြပ်ကွပ်ကဲမှုဌာန(Rosselkhoznadzor)မှ အကြီးအကဲက ပြောကြားခဲ့သည်။



၂၀၂၃ ခုနှစ်တွင် မွေးမြူရေး ထုတ်ကုန်များ တင်ပို့ရာ၌ တန်ချိန် ၁ ဒသမ ၉၃ သန်းခန့် တိုးလာခဲ့ပြီး အဓိကတင်ပို့ခဲ့သည့် ထွက်ကုန်မှာ ရေထွက်ကုန်များဖြစ်ကာ တန်ချိန်အားဖြင့် ၁.၉၂ သန်းခန့် ရှိကြောင်း သိရှိရသည်။

ရုရှားနိုင်ငံသည် ရေထွက်ကုန်များကို ၂၀၂၃ ခုနှစ်တွင် နိုင်ငံပေါင်း ၂၀ သို့ တင်ပို့ခဲ့သည်။ အဓိကတင်ပို့ခဲ့သောနိုင်ငံများမှာ တရုတ် ( တန်ချိန် ၁၃၀,၅၀၀ ဖြင့် ၆၈ ရာခိုင်နှုန်း)၊ ကိုရီး ယား(တန်ချိန် ၅၅,၇၀၀ ဖြင့် ၂၉ ရာခိုင်နှုန်း)နှင့် ဂျပန် (တန်ချိန် ၂၆၀၀ ဖြင့် ၁ ဒသမ ၄ ရာခိုင်နှုန်း) ဖြစ်သည်။

နှိုင်းယှဉ်ချက်အရ အသားထွက်ကုန်များ တင်ပို့မှုမှာလည်း အားကောင်းလာခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် တန်ချိန် ၇၄၄.၈ တန် တင်ပို့နိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် တန်ချိန် ၅၄ တန်သာ တင်ပို့နိုင်ခဲ့၍ ၁၄ ဆခန့် ပိုမိုတိုးတက်လာခဲ့သည်။ အဓိကတင်ပို့သည့် ကုမ္ပဏီမှာ "Rusasgro-Primorye" ကုမ္ပဏီဖြစ်ပြီး တင်ပို့ခဲ့သည့်အဓိကအသားထွက်ကုန်မှာ ဝက်သားဖြစ်ကာ ဗီယက်နမ်သို့ တင်ပို့ခဲ့ခြင်းဖြစ်သည်။

ခွန်မျိုးသူ

https://tass.ru/ekonomika/19689935

လယ်ယာဈေးကွက်သတင်းများကို www.agribiznews.com.mm တွင်ဖတ်ရှုနိုင်ပါသည်။

# ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မွေးမြူရေးဘာသာတက်ရောက်နိုင်ရေး စည်းရုံးဆောင်ရွက်



နေပြည်တော်၊ ဇန်နဝါရီ ၁၂

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် စိုက်ပျိုးမွေးမြူရေးဘာသာရပ်သင် အထက်တန်းကျောင်းများတွင် တက်ရောက်နိုင်ရေးအတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ စည်းရုံးဟောပြောမှုများကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဇန်နဝါရီ ၄ ရက် တွင် ရှမ်းပြည်နယ်၊ကလောမြို့နယ် အင်းခေါင်းကျေးရွာ၊ အထက(၇) ၌ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တာဝန်ရှိသူများက အထက်တန်း ကျောင်း သား/ကျောင်းသူ ၈၃ ဦး အားတွေ့ဆုံ၍လည်းကောင်း၊ ရှမ်းပြည် နယ်၊ ကလောမြို့နယ် ၊ဟဲဟိုး အထက(၆) ၌ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တာဝန်ရှိသူများက အထက်တန်းကျောင်းသား/ကျောင်းသူ ၁၂၃ ဦး အား တွေ့ ဆုံ ၍ လ ည်း ကော င်း ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဖွင့်လှစ်မည့် အထက်တန်းကျောင်းများတွင် မွေးမြူရေးဘာသာရပ်တက်ရောက်နိုင်ရေးစည်းရုံးဟောပြောခဲ့ကြောင်း သိရှိရသည်။



အလားတူ ဇန်နဝါရီ ၄ ရက် နံနက်ပို င်း တွ င် ပဲ ခူး တို င်း ဒေ သ ကြီး ကျောက်တံခါး မြို့နယ်၊ ရင်းတိုက်ကုန်းအလယ်တန်းကျောင်း၌ စိုက်/မွေးဘာသာသင် အထက်တန်းကျောင်းအတွက် မွေးမြူရေးဘာသာတက်ရောက်နိုင်စေရန် ရည်ရွယ်၍ ကျောင်းသား/ကျောင်းသူ ၅၂ ဦးအား တွေ့ဆုံခဲ့ရာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတာဝန်ရှိသူများ၊ ဒု တိ ယ မြို့ န ယ် ပ ညာ ရေး မှူး ၊ ကျောင်းအုပ် ဆရာမကြီးနှင့် ဆရာ/မ များ၊ သက်ဆိုင်ရာ ဌာနအသီးသီးမှ တာဝန်ရှိသူများမှ တက်ရောက်ဟောပြောခဲ့ကြောင်း သတင်းရရှိသည်။

# အောက်တိုဘာလမှ ဒီဇင်ဘာအတွင်း အိန္ဒိယ၏ သကြားထွက်ရှိမှု ယခင်နှစ် ကာလတူပမာဏအောက် ကျဆင်း

အိန္ဒိယ သကြားစက်များသည် အောက်တိုဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ကြားတွင် သကြား မက်ထရစ်တန် ၁၁ ဒသမ ၂၁ သန်း ထုတ်လုပ်ခဲ့ပြီး အဓိကထုတ်လုပ်သည့် ပြည်နယ်များဖြစ်သည့် မဟာ ရက်ရှ်ထရာနှင့် ကာနာတကာပြည်နယ်တို့တွင် ထုတ်လုပ်မှုနည်းပါးခြင်းကြောင့် ယခင်နှစ်ထက် ၇.၆ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟု အမျိုးသားသမဝါယမသကြားစက်ရုံများအသင်းချုပ်လီမိတက် (National Federation of Cooperative Sugar Factories Limited – NFCSF) က အင်္ဂါနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

မဟာရက်ရှ်ထရာပြည်နယ်၏ သကြားထုတ်လုပ်မှုသည်ယခင်နှစ်တွင်တန်ချိန် ၄ ဒသမ ၇၄ သန်း ထုတ်လုပ်နိုင်ခဲ့ရာမှ ယခုနှစ်တွင် ၃ ဒသမ ၈၂ သန်းသို့ ကျဆင်းသွားခဲ့ပြီး ကာနာတကာပြည်နယ်၏ ထုတ် လုပ်မှုသည်လည်း တန်ချိန် ၂ ဒသမ ၄ သန်းသို့ ၁၀ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း အမျိုးသားသမဝါယမသကြားစက်ရုံများအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ ဥတ္တရပရာဒက်ရှ်ပြည်နယ်တွင်မူ သကြားထုတ်လုပ်မှုသည် တန်ချိန် ၃ ဒသမ ၅ သန်းထိ (၁၂ ဒသမ ၅ ရာခိုင်နှုန်း) အထိ မြင့်တက်ခဲ့ကြောင်းသိရသည်။

အိန္ဒိယနိုင်ငံ၏ ယခုနှစ်အတွင်း သကြားအထွက်နှုန်းသည် မိုးရွာသွန်းမှုလျော့နည်းမှုကြောင့် ခုနစ်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ပြည်တွင်းစားသုံးသူလိုအပ်ချက်ထက် လျော့နည်းသွားကြောင်း၊ ကုန်သည်များနှင့် တောင်သူများ၏ စစ်တမ်းအရ ကြံစိုက်ပျိုးမှုနည်းပါးခြင်းကြောင့် ကမ္ဘာ့နံပါတ် ၂ သကြားစိုက်ပျိုး ထုတ်လုပ်သူမှလာမည့်နှစ်တွင် ပြည်ပမှပင်တင်သွင်းရသည် အထိရှိ လာနိုင်ကြောင်း သိရှိရသည်။

အိန္ဒိယအစိုးရသည် ၎င်းတို့၏ ရည်မှန်းချက်တစ်ခုဖြစ်သည့် ဇီဝလောင်စာအစီအစဉ်အရ သကြားစက်များကို အီသနောထုတ်လုပ်မှုအတွက် တန်ချိန် ၁ ဒသမ ၇ သန်းအထိ ပြောင်းလဲအသုံးပြုရန် လည်း ဆုံးဖြတ်ထားကြောင်း သိရသည်။ ထို့အပြင် ဝန်ကြီးချုပ် နာရင်ဒြာမိုဒီ ဦးဆောင်သည့်အစိုးရသည် လာမည့်နှစ်တွင် ရွေးကောက်ပွဲများရှိသဖြင့် အလွန်အမင်းအကဲဆတ်သည့် စားနပ်ရိက္ခာဈေး နှုန်းဖောင်းပွမှုအပေါ် ထိန်းချုပ်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်နောက်ပိုင်းတွင် ပထမဦးဆုံးအကြိမ်အဖြစ် သကြားတင်ပို့မှုကို တားမြစ်ဖွယ်ရှိသည်ဟုလည်း သုံးသပ်ချက်များ ထွက်ပေါ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံတွင် သကြားအထွက်နှုန်း ကျဆင်းသည့်အပြင် ဇီဝလောင်စာဆီ တစ်မျိုးဖြစ်သည့် အီသနောထုတ်လုပ်မှုအတွက် အသုံးပြုရန် အစိုးရက ပိုမိုဦးစားပေးလာသဖြင့် ပြည်ပသို့ သကြားတင်ပို့မှုကို တားမြစ်ဖွယ်ရှိသည်ဟု သုံးသပ်ချက်များ ထွက်ပေါ်နေမှုအခြေအနေအရ မိမိတို့နိုင်ငံ၏ သကြားထုတ်လုပ်မှုဈေးကွက်ကိုလည်း မျက်ခြေမပြတ်စောင့်ကြည့် လေ့လာဆောင်ရွက်သင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

မျိုးမြင့်မောင်

India’s Oct-Dec sugar output drops 7.6% y/y: Industry Body, The Economic Times,





# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးမိုးစပါးဆီထွက်သီးနှံ စိုက်ပျိုးကြမည့် တောင်သူလယ်သမားများနှင့် တွေ့ဆုံ လိုအပ်သည်များ ကူညီဖြည့်ဆည်းဆောင်ရွက်ပေး

နေပြည်တော်၊ဇန်နဝါရီ ၂

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါး၊ မိုးစပါး နှင့် ဆီထွက်သီးနှံများ စိုက်ပျိုး ကြမည့် တောင်သူများ၏ လယ်ယာလုပ်ငန်းခွင် အခက်အခဲများအား ကူညီဖြေရှင်းပေးရန် ၊ စပါး၊ မြေပဲ၊ နှမ်း၊ နေကြာသီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်းတွင် တစ်ဧကချင်း၏ ပန်းတိုင် အထွက်နှုန်းရရှိရေး အတွက် နည်းပညာရပ်ဆိုင်ရာ ဆွေးနွေးအကြံပြုခြင်း၊ တောင်သူများနှင့် အနီးကပ်တွေ့ဆုံ၍ ယင်းတို့၏ လိုအပ်ချက်များကို ထဲထဲဝင်ဝင် သိရှိကူညီ ပံ့ပိုးပေးနိုင်ရန် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ၊ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇန်နဝါရီ ၂ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်စိမ်းစားပင် ကျေးရွာ စိုက်ပျိုးနည်း ပညာပေးစင်တာ၌ ဒေသခံ တောင်သူများနှင့် တွေ့ဆုံကြကြောင်း သိရသည်။

တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ကျေးရွာအုပ်စု ၈ အုပ်စုမှ တောင်သူ ၅၈ ဦး၊ စိုက်ပျိုးပညာပေးဝန်ထမ်း ၃၂ဦး တို့အား ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က ခင်မင်ရင်းနှီးစွာ တွေ့ဆုံ၍ ပန်းတိုင် အထွက်နှုန်းရရှိရေး အတွက် မျိုးကောင်းမျိုးသန့် သုံးစွဲရန်၊ မြေပြုပြင်ရာတွင် ထယ်ရေးထွန်ရေးကောင်းရန်နှင့် ခေတ်မီစိုက်ပျိုးနည်းစနစ်များ ကျင့်သုံးရန် စပါး စိုက်ပျိုးရာတွင် အထူးသဖြင့် ကြဲပက်စိုက်ပျိုးမှုများ မပြုလုပ်ပဲ တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကို ပြောင်းလဲ ဆောင်ရွက်ရန်၊ ဓာတ်မြေဩဇာများကို အချိန်ကိုက် အချိုးကျသုံးစွဲရန်၊ ပေါင်းသတ်ဆေးပိုးသတ်ဆေးများကို မလိုအပ်ဘဲ အသုံးမပြုရန် နှင့် လိုအပ်သလောက်သာ အသုံးပြုရန် ၊ စိုက်ပျိုးရေ နှင့် နည်းပညာ အပါအဝင် လိုအပ်ချက်များ ဖြည့်ဆည်းပေး နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ က ကူညီပံ့ပိုးပေးသွားမည်ဖြစ်၍ တောင်သူများက စုစည်းညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ချက်များကို ဆွေးနွေး ပြောကြားသည်။

တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့်တောင်သူများကလည်း လယ်ယာလုပ်ငန်းခွင် ဆိုင်ရာ လိုအပ်ချက်များကို တင်ပြကြရာ သက်ဆိုင်ရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များက မြေဆီလွှာထိခိုက်ပျက်စီးမှု မရှိစေပဲ သီးနှံထုတ်လုပ်မှုတိုးတက်မြင့်မားလာစေရေး ဆောင်ရွက်ရန် နည်းလမ်းများ၊ သဘာဝ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေသော လယ်ယာကုန်ထုတ် လုပ်ငန်းများ ထွန်းကားလာ ရေး ကြိုး ပ မ်း သွား ကြ ရ န် လိုအပ်ချက်များ၊ စိုက်ပျိုးရေ ရယူမှု အသုံးပြုရာတွင် ရေသောက်စနစ်အတွင်းရှိ စိုက်ကွင်းများအားလုံး မျှမျှတတ ခွဲဝေအသုံးပြု နိုင်ရေး အတွက် ရေအသုံးချသူအဖွဲ့ WUG တောင်သူများ၏ ပူးပေါင်း ဆောင်ရွက်မှု အရေးပါပုံတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

□

# ရိတ်သိမ်းချိန်နောက်ပိုင်းမန်ကျည်းဈေးကွက်

မန်ကျည်းသီးစိမ်းများ ဇန်နဝါရီလဆန်းပိုင်းတွင် ဈေးကွက်အတွင်းသို့ ဝင်ရောက် နိုင်ဖွယ်ရှိသည်ဟု မန်ကျည်းကုန်သည် ဦးသိန်းဆွေက ပြောသည်။ မန်ကျည်းသီးဈေးသည် ၂ နှစ်ဆက်တိုက် ကျဆင်းလာသဖြင့် လက်ဝယ်သိုလှောင် ထားသည့် ကုန်သည်များအနေအဖြင့်အကျိုးအမြတ် မရရှိနိုင်ကြောင်း သိရသည်။ ရိတ်သိမ်းရာသီ နီးကပ်လာသည်နှင့်အမျှ အစေ့ချွတ်ထားသောမန်ကျည်းအပါအဝင် မျိုးကွဲအပေါ် မူတည်၍ တစ်ပိဿာလျှင် ငွေကျပ် ၁,၁၀၀-၂,၅၀၀ ကြား ပေါက်ဈေးရှိသည်။ ပြည်တွင်းဈေးကွက်သို့ ပြည်၊ ရမည်းသင်း၊ တောင်သာ၊ မလှိုင်နှင့် ပခုက္ကူဒေသများမှ မန်ကျည်းအသစ်များကို တင်ပို့နိုင်ဖွယ် ရှိသည်။

ကုန်သည်များသည် အထွက်နှုန်းပေါ်မူတည်၍ မန်ကျည်းတစ်ပင်လျှင်ကျပ် ၅၀,၀၀၀- ၁၀၀,၀၀၀ ဖြင့် ပင်ပြတ်ဝယ်ယူနေကြကြောင်း မလှိုင်မြို့နယ်မှ ကုန်သည်တစ်ဦးက ပြောသည်။

ပို့ကုန် နှင့် ပြည်တွင်းဈေးကွက် အခြေအနေများအရ ဈေးနှုန်းများ မြင့်တက်ရန် အခွင့်အလမ်းနည်းပါးသည်ဟု ကုန်သည်များက ခန့်မှန်းကြသည်။ ကုန်ခြောက်ဈေးများ မြင့်တက်နေချိန်တွင် မန်ကျည်းသီးဈေးသည် ဈေးနှုန်းမပြောင်းလဲဘဲ ရှိနေသည့် တစ်ခုတည်းသော ကုန်ပစ္စည်းဖြစ်သည်။

မန်ကျည်း နှင့် ၎င်း၏ အစားထိုးကုန်စည်များ တင်ပို့မှုနည်းပါးပြီး ဈေးကွက်တွင် ကုန် လက်ကျန်များ မြင့်မားနေခြင်းသည် ဈေးကွက်ကိုအေးစေသည်ဟု ဘုရင့်နောင်ကုန်စည်ဒိုင်မှ မန်ကျည်းကုန်သည်တစ်ဦးက ထောက်ပြသည်။

ဤလုပ်ငန်းကို အမြတ်နည်းသောကြောင့် ကုန်သည်များသည် စိတ်ဝင်စားမှု နည်းပါးပြီး မန်ကျည်းသီးအသစ်များ ဝင်ရောက်မှု နှောင့်နှေးသွားနိုင်သည်။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်တွင် မန်ကျည်းတစ်ပိဿာလျှင် ငွေကျပ် ၁,၉၀၀ - ၂,၂၀၀ ကျပ်အထိ ရရှိ ခဲ့ပြီး မန်ကျည်းအသစ် တစ်ပိဿာလျှင် ငွေကျပ် ၁,၁၀၀ - ၁,၂၀၀ ခန့်အထိ ပေါက်ဈေးရှိကြောင်း မန်ကျည်းကုန်သည် ဒေါ်ဟိန်းက ပြောသည်။

ထန်းပင်နှင့် မန်ကျည်းပင် ကဲ့သို့သော သစ်ပင်ကြီးများသည် အပူချိန်ကို လျှော့ချပေးပြီး ရပ်ရွာ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အထောက်အကူဖြစ်စေသည့်အတွက် ခုတ်လှဲခြင်းမပြုရန်နှင့် ထိန်းသိမ်းခြင်း လုပ်ငန်းများကို ရပ်ရွာလူထုက ထိန်းသိမ်း ကြပ်မတ်ရမည်ဖြစ်ကြောင်း သိရှိရသည်။

ဖုန်းမြတ်ဝင်းမောင်မောင်

Global New Light of Myanmar

# ကရင်ပြည်နယ် မွေးမြူရေးလုပ်ငန်းရှင်များအား တိရစ္ဆာန်သုံးဆေးဝါးများ ထောက်ပံ့ပေးအပ်



ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ရွာသာအေးမွေးမြူရေးဇုန်တွင် မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်နေသော လုပ်ငန်းရှင်(၉၁)ဦးအား တိရစ္ဆာန်သုံးဆေးဝါးများ ထောက်ပံ့ခြင်း အခမ်းအနားကို ဇန်နဝါရီ ၉ ရက်နေ့က အဆိုပါမွေးမြူရေးဇုန်၌ ကျင်းပခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးနှင့် အစိုးရ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မွေးမြူရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

အခမ်းအနားတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာတင်နွယ်ရီက တိရစ္ဆာန်သုံးဆေးဝါးများ ထောက်ပံ့ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းရှင်များအား တိရစ္ဆာန်သုံးဆေးဝါး ၁၃ မျိုးပါ ဆေးတွဲ ၂၈ အားထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

# ကြံရိတ်သိမ်းရာသီတွင်သကြားဈေးမြင့်တက်နေ

ကြံရိတ်သိမ်းရာသီဖြစ်သော်လည်း ဒီဇင်ဘာ ၂၇ ရက်က သကြားတစ်ပိဿာလျှင် ၃၉၀၀ ကျပ် ကျော်ဖြင့် ဈေးနှုန်းမြင့်တက်ခဲ့သည်။

ဒီဇင်ဘာ ၁ ရက်နေ့တွင် သကြားဈေးနှုန်းမှာ တစ်ပိဿာလျှင် ၃၇၈၀ ကျပ်ဖြစ်ပြီး၊ ၄ ပတ် အတွင်း တစ်ပိဿာလျှင် ၁၅၀ ကျပ် တိုးလာကြောင်း ကိန်းဂဏန်း အချက်အလက်များအရ သိရှိရ သည်။

သကြားတင်သွင်းမှုနည်းပါးခြင်းနှင့်ပြည်တွင်းဈေးကွက်တွင် သကြားလက်ကျန်နည်းပါးခြင်း တို့ကြောင့် ဈေးနှုန်းမြင့်တက်ရခြင်း ဖြစ်သည်။ ၂၀၂၃-၂၀၂၄ ကြံရာသီအတွက် ကြံတစ်တန်လျှင် ကျပ် ၁၅၀,၀၀၀ အထိ တိုးမြှင့်ထားကြောင်း သကြားစက်များက ကြံစိုက်ပျိုးသူများအား ထပ်မံအသိပေးထားသည်။

ယခင်ရာသီက ကြံကြမ်းခင်းဈေးနှုန်း တစ်တန်လျှင် ၉၀,၀၀၀ - ၁၀၀,၀၀၀ ကျပ်နှုန်း ကုမ္ပဏီက သတ်မှတ်ခဲ့သည်။ သကြားဈေးနှုန်းမြင့်တက်နေချိန်တွင် စိုက်ပျိုးသူများ၏ သွင်းအားစု ကုန်ကျစရိတ်ကို ကာမိစေရန်အတွက် ရည်ညွှန်းဈေးနှုန်းမြင့်တက်ရခြင်းဖြစ်သည်ဟု ကြံ နှင့် သကြား ကုန်သည်များက အလေးပေး ပြောကြားခဲ့သည်။

ထို့အပြင် သကြားစက်များသည် တစ်ဧကအထွက်နှုန်းမြှင့်တင်ရန်နှင့် စိုက်ဧကတိုးချဲ့ရန် စိုက်ပျိုးသူများအား တွန်းအားပေး ဆောင်ရွက်လျက်ရှိသည်။

၂၀၁၉-၂၀၂၀ခုနှစ် ကြံရာသီချိန်တွင် သကြားဈေးနှုန်းသည် တစ်ပိဿာလျှင် ၁,၀၀၀ ကျပ် အောက်သာရှိခဲ့သည်။ သကြားလက်ကျန်နည်းပြီး တင်သွင်းမှုမရှိခြင်းကြောင့် လက်ရှိပေါက်ဈေးမှာ တစ်ပိဿာလျှင် ကျပ် ၃၉၀၀ ကျော်အထိ မြင့်တက်ခဲ့သည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်သကြားထုတ်လုပ်မှု တန်ချိန် ၄၅၀၀၀၀ ခန့်ရှိပြီး၊ အစောပိုင်းတွင် မြန်မာနိုင်ငံမှ သကြားကို တရုတ်နှင့် ဗီယက်နမ်နိုင်ငံသို့ တင်ပို့ခဲ့ပြီး ဖူလုံမှုထက်ကျော်လွန်ခဲ့သည်။ လက်ရှိတွင် ဗီယက်နမ်နိုင်ငံသို့သာ တင်ပို့ထားကြောင်း မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းမှ သိရသည်။

ကြံကို စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရှမ်းပြည် မြောက်ပိုင်းတို့တွင် အများဆုံးတွေ့ရှိရပြီး ပဲခူးတိုင်း အရှေ့ နှင့် အနောက်၊ ရန်ကုန်တိုင်းဒေသကြီး နှင့် မန္တလေးတိုင်းဒေသ

စာ-၈ သို့

စာ - ၁၉ မှ

သွေးသန့်စင်ခြင်းအတွက် အဓိက အသုံးပြုကြ၏။

ထိခိုက်ရှနာများ၊ အပူလောင်နာများ၊ ကြွက်သားနာကျင်ခြင်း၊ ဝက်ခြံဖြစ်ခြင်း၊ ဝဲနာ၊ ဝဲခြောက်ပေါက်ခြင်းနှင့် ဒူလာလိပ်ခေါင်းရောဂါ အစရှိသည့်ရောဂါများအတွက် ဝေဒနာခံစားရသည့်နေရာတွင် သဖန်းပင်မှရရှိသည့် အစေးများကို လိမ်းကျံပေးခြင်းဖြင့် ဝေဒနာကို သက်သာစေနိုင်၏။

ရေသဖန်းသီးသည် အအေးဓာတ်ကြွယ်ဝသည့်အတွက် နှလုံးကို အားဖြစ်စေခြင်း၊ ဆီးနှင့်ပတ်သက်သည့်ရောဂါများကို သက်သာစေခြင်း၊ သည်းခြေအိတ်ကျန်းမာစေခြင်းနှင့် မွေ့တာစက်ဝန်းကို မှန်ကန်စေခြင်း အစရှိသည့် ကျန်းမာရေး အကျိုးကျေးဇူးကောင်းများကို ရရှိစေနိုင်၏။

ရေသဖန်းပင်သည် ကျန်းမာရေးအကျိုးကျေးဇူးကောင်းများစွာကို ပေးစွမ်းနိုင်သည့် အပင်မျိုးဖြစ်ပြီး အထူးသဖြင့် ကိုယ်တွင်းအင်္ဂါများကို ကျန်းမာစေခြင်း၊ သွေးကိုသန့်စေခြင်း၊ အစာလမ်းကြောင်းတစ်လျှောက်ရှိ သန်ကောင်များကို နှိမ်နင်းပေးနိုင်ခြင်းတို့ကို ရရှိနိုင်၏။

ရေသဖန်းပင်မှ အရေပြားရောဂါများဖြစ်သည့် အနာကြီးရောဂါ၊ လေဖျဉ်းသွေးဖျဉ်းဖောရောင်ခြင်းတို့ကိုလည်း သက်သာစေနိုင်၏။

အိန္ဒိယနိုင်ငံတွင်ရေသဖန်းခေါက်ကို သွေးပြီးလျှင် အပူလောင်ခြင်းနှင့် ခြင်ကိုက်ပြီးယားဖုများအပေါ်တွင် လိမ်းကျံခြင်းဖြင့် ဝေဒနာ သက်သာစေရန် အသုံးပြုကြ၏။ ခူယားကောင်ကိုက်ခံရလျှင် သဖန်းရွက်၏ကြမ်းသည့်မျက်နှာပြင်ဖက်နှင့် ပွတ်ပြီး ယားယံခြင်းသက်သာစေရန် အသုံးပြုကြ၏။

ရေသဖန်းရွက်၊ ရေသဖန်းသီးတို့ကို မြို့ဈေးများတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်ရန် ခက်ခဲသော်လည်း နယ်မြို့များတွင် အပင်တွင် အလွယ်တကူ ဆွတ်ခူးကာ စိမ်ချက်ပြုတ် စားသုံးနိုင်၏။

ရေသဖန်းသီးကို အစိမ်းအတိုင်းဖြစ်စေ၊ ဆားရည်စိမ်ပြီးဖြစ်စေ ငပိရည်ကျိုဖျော်၊ ငပိထောင်း၊ ငရုတ်သီးထောင်း၊ ခရမ်းချဉ်သီးပန်ထွေဖျော် အစရှိသည်တို့နှင့် တွဲဖက်ကာ တို့စရာအဖြစ် အလွယ်တကူ အများဆုံး စားသုံးတတ်ကြ၏။

ကန်စွန်းရိုးနီနှင့် ချဉ်ပေါင်တို့ကို စပ်ချဉ်ချက် ခပ်ပျစ်ပျစ်ချက်၊ ထမင်းဖြူပူပူလေးထဲတွင် သမအောင်နယ်၊ ရေသဖန်းသီးအစိမ်းလေးကို ကိုက်ပြီး တို့စားလိုက်ရလျှင်ဖြင့် အလွန်ကို ထမင်းမြိန်လှပေ၏။

ရေသဖန်းသီးများကို အချဉ်တည်လိုပါက ဦးစွာပထမ အသီးခိုင်မှ သဖန်းသီးများကို တစ်လုံးချင်း ခွေပြီး သန့်စင်အောင် ရေဆေးပြီး စစ်ထားပါ။ ထမင်းရည် သို့မဟုတ် ဆန်ကို ခပ်ကျဲကျဲကျိုထားသည့်အရည်နှင့် ဆားတို့ရောစပ်ထားသည့် ရေထဲသို့ သဖန်းသီးများကို ထည့်ပြီး သန့်ရှင်းခြောက်သွေ့သော ဗူး/ပုလင်းထဲ ထည့်ပြီး လေလုံအောင်ပိတ်ကာ ၃ ရက်ခန့် အခန်းအပူချိန်အတိုင်း (မီးဖိုဆောင်တွင်) ထားပေးပါ။ အေးမြသည့်ရာသီဥတုရှိသည့် ဒေသများတွင် ၄ ရက် ၅ ရက်ခန့်ထားပြီးလျှင် ထမင်းမြိန်စေမည့် သဖန်းသီးချဉ်မွှေးမွှေးလေး ရရှိနိုင်၏။

သဖန်းသီးချဉ်ကို ခပ်စပ်စပ်ချက်ထားသည့် ငါးပိကောင်ချက်၊ ငါးခြောက်ချက်၊ ပုစွန်ခြောက် ငံပြာရည်ချက် အစရှိသည်တို့နှင့် နှစ်သက်သလို တွဲဖက်စားသုံးနိုင်၏။

သဖန်းသီးချဉ်ကို ပါးပါးလှီးပြီးလျှင် ကြက်သွန်နီပါးပါးလှီး၊ ဆီချက်ကြော်၊ မြေပဲဆံလှော်နှင့် နှမ်းလှော်ထောင်း၊ ပဲမှုန့်၊ ပုစွန်ခြောက်မှုန့်တို့ထည့်ပြီး သမအောင်ရောနယ်၊ အနံ့လေးမွှေးအောင် သံပရာသီးစိတ်လေးညှစ်ပြီး သုပ်စားသည့်အခါ အလွန်ပင် နှုတ်မြိန်စေသည့် အစာတစ်မျိုးဖြစ်၏။ ဝါးလိုက်ရင် တထုတ်ထုတ်နှင့် ထမင်းဖြူနှင့် ဖြစ်စေ၊ ရေနွေးကြမ်းပူပူကို မှုတ်သောက်ပြီး ဖြစ်စေ တွဲဖက်စားသုံးနိုင်သလို ထမင်းဝိုင်းတွင်လည်း ဟင်းပွဲတစ်မယ်တိုးစေ၏။

ရေသဖန်းသီးဆားရည်စိမ်ကို ကြက်သွန်ဖြူနီငရုတ်သီးထောင်းဆီသတ်၊ ပုစွန်ခြောက်ထောင်းထည့်ဆီသတ်ပြီးလျှင် သဖန်းသီးချဉ်တို့ကို မထူမပါး လှီးပြီး ဆီပြန်သည်အထိ ချက်စားလျှင်လည်း ထမင်းမြိန်ပြီး ဟင်းရံတစ်ပွဲတိုးစေ၏။

အညာဒေသတွင်မုန့်ဟင်းခါးချက်သည့်အခါတွင်လည်းမုန့်ဟင်းရည်ပျစ်ပျစ်လေးတွင် အုန်းနို့ရနံ့သင်းစေရန် ရေသဖန်းရွက်ထည့်ပြီး ချက်ကြ၏။

အုန်းနို့ဆိုလျှင် သွေးတိုးမှာစိုးကြောက်သည့် သူများအတွက် အုန်းနို့အစား နို့စိမ်းကို ဟင်းရည်ချက်ရာတွင် အသုံးပြုပြီး ဟင်းရည်ပွက်ပွက်ဆူသည့်အခါ ရေသဖန်းရွက်ကို ထည့်ခပ်လိုက်ခြင်းဖြင့် အုန်းနို့ရနံ့သင်းနေသည့် နို့စိမ်းခေါက်ဆွဲကို သောက်ကင်းစိတ်ချစွာဖြင့် သုံးဆောင်နိုင်၏။

ရေသဖန်းရွက်နုလေးများကို ရှမ်းနီလူမျိုးများက ဟင်းချိုရည်ချက်သောက်ခြင်း၊ သုပ်စားခြင်းများလည်း ပြုလုပ်စားသောက်တတ်ကြ၏။

ရေသဖန်းသီးအမှည့်ကို သစ်သီးအဖြစ် စားသုံးနိုင်သကဲ့သို့ အခြောက်လှန်းခြင်း၊ ယိုထိုးခြင်းပြုလုပ်စားသုံးနိုင်၏။

ရေသဖန်းရွက်ကို စားသုံးခြင်း၊ ဆေးဖက်ဝင်အဖြစ် အသုံးပြုခြင်းအပြင် အခြားသော အသုံးပြုပုံများကိုလည်း မျှဝေလိုက်ပါ၏။

အတိတ်တဘောင်နမိတ်ဆောင်သည်ဆိုသည့်အယူကို လက်ခံထားသည့် မြန်မာလူမျိုးများအနေဖြင့် အိမ်သစ်ဆောက်သည့်အခါ ရေသဖန်းရွက်ကို ဆွဲချိတ်ခြင်းဖြင့် ကြီးပွားချမ်းသာသည့် ကောင်းကျိုးကို ရရှိမည်ဟု ခံယူကာ လုပ်ဆောင်တတ်ကြ၏။

ရေသဖန်းရွက်အရင့်ကို ဆင်စွယ်အရောင်ထွက်စေရန် ပွတ်တိုက်ရာတွင် အသုံးပြုကြ၏။ အရပ်ထဲတွင်လည်း အိုးတိုက်ရွက်ဟု လူသိများပြီး အလှူမင်္ဂလာပွဲများအတွက် ချက်ပြုတ်ရာတွင် အသုံးပြုသည့် အိုးများကို ပြောင်လက်အောင် တိုက်ချွတ်ဆေးကြောသည့်အခါတွင် အသုံးပြုကြ၏။ သဖန်းခေါက်ကို ကြိုးကျစ်ရာတွင် အသုံးပြုကြ၏။

သဘာဝတရား၏ လက်ဆောင်မွန် ရေသဖန်းပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုးတန်ဖိုးထားပြီး ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ်သက်သာစေပြီး ကျန်းမာရေး အကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။ ကြေးမုံငယ်




## ဆန်ဈေးကွက်

ယခုရက်သတ္တပတ်အတွင်း ရွှေဘိုပေါ်ဆန်းဆန်ဟောင်း အလတ်စနှင့်အောက်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၂၅၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ရွှေဘိုပေါ်ဆန်း ဆန်သစ်အလတ်စတစ်တင်းခွဲတစ်အိတ်လျှင် ၉၅၀၀၀ ကျပ် နှင့် အောက်စတစ်အိတ်လျှင် ၉၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဖျာပုံပေါ်ဆန်း အလတ်စနှင့်အောက်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၀၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ပေါ်ကွဲဆန်ဟောင်း အလတ်စနှင့်အောက်စ တစ်တင်းခွဲတစ်အိတ်လျှင် ၈၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧည့်မထဆန်ဟောင်း အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင်၇၁၀၀၀ ကျပ် နှင့် အောက်စ တစ်တင်းခွဲတစ်အိတ်လျှင် ၇၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧည့်မထဆန်သစ် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၆၇၅၀၀ ကျပ် နှင့် အောက်စ တစ်တင်းခွဲတစ်အိတ်လျှင် ၆၇၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ငစိန်ဆန် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၆၇၀၀ ကျပ် နှင့် အောက်စ တစ်တင်းခွဲတစ်အိတ်လျှင် (၆၆၀၀၀)ကျပ်နှုန်းဖြင့်လည်းကောင်း ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်းလမ်း) တွင် ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။ ဆန်အမျိုးအစားအားလုံး ယခင် ရက်သတ္တပတ်တွင်ဖော်ပြခဲ့သော ဈေးနှုန်းများဖြင့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းလည်းသိရသည်။ ကမ္ဘာ့နိုင်ငံရေး အလှည့်အပြောင်းများနှင့် စစ်ပွဲများကြောင့်လည်းကောင်း၊ ရာသီဥတုဖောက်ပြန်မှုများကြောင့်လည်းကောင်း၊ စားနပ်ရိက္ခာများအား ကြိုတင်စုဆောင်းသိုလှောင်မှုများနှင့် လျှော့ချတင်ပို့မှုများကြောင်းလည်းကောင်း၊ စားနပ်ရိက္ခာပို့ကုန်များအပေါ် အခွန်တိုးမြှင့်ကောက်ခံခြင်းများကြောင့်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်း၊ ဗီယက်နမ်၊ အိန္ဒိယနိုင်ငံများ၏ ပို့ကုန်ဆန်ဈေးမြင့်တက်နေမြဲဖြစ်ခြင်းနှင့် ဝယ်လိုအားမြင့်တက်နေဆဲဖြစ်ခြင်းကြောင်းလည်းကောင်း မြန်မာပြည်တွင်းရှိ ပို့ကုန်ဆန်ဈေးများအား မြင့်တက်စေခဲ့သည်။ မြန်မာပြည်တွင်း၌လည်း ရာသီဥတုဖောက်ပြန်မှုကြောင့်လည်းကောင်း၊ သွင်းအားစုများဈေးမြင့်ခဲ့ခြင်းကြောင့်လည်းကောင်း၊ လယ်ယာလုပ်သား ရှားပါးလာမှုများကြောင့်လည်းကောင်း၊ စက်သုံးဆီများဈေးမြင့်လာခြင်းနှင့်ဝယ်ယူရရှိရန်ခက်ခဲလာခြင်းကြောင့်လည်းကောင်း၊ စိုက်ပျိုးထုတ်လုပ်မှုများလျော့နည်းလာခဲ့ပြီး ထုတ်လုပ်မှုကုန်ကျစရိတ်များလည်း မြင့်မားလာခဲ့သည်။ အထက်ပါအခြေအနေများအရ ဆန်စပါးပြင်ပပေါက်ဈေးများ ဈေးမြင့်နေခဲ့သော်လည်း ဆန်စပါးရောင်းဈေးများအား သတ်မှတ်ထိန်းချုပ်ထားမှုများ လည်းရှိခဲ့သည်။ သို့ဖြစ်ရာ ဆန်တစ်အိတ်၏ ပြင်ပပေါက်ဈေးမှာ သတ်မှတ်ဈေးနှုန်းများထက် ဆန်တစ်အိတ်လျှင် ကျပ်နှစ်သောင်းခွဲခန့် ဈေးမြင့်ကွားဟလျက်ရှိသည်။ ပြည်ပသို့ ဆန်တင်ပို့မှုများလည်း ပုံမှန်ရှိနေပြီး အင်ဒိုနီးရှား၊ တရုတ်၊ ဖိလစ်ပိုင်၊ မလေးရှား၊ ပိုလန်နိုင်ငံများသို့ တင်ပို့မှုရှိကြောင်း သိရသည်။ တရုတ်၊ဘယ်လ်ဂျီယံ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နိုင်ငံများသို့ ဆန်ကွဲတင်ပို့မှုများလည်းရှိခဲ့သည်။ ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ်၊ လပွတ္တာ၊ ရွှေဘိုဒေသများမှ ဈေးကွက်သို့ ဆန်ဝင်ရောက်မှု နည်းခဲ့ကြောင်းသိရသည်။

## အစေ့ထုတ်ပြောင်းဈေးကွက်

အစေ့ထုတ်ပြောင်းဟောင်းနှင့်ပြောင်းသစ်များ ဈေးကွက် သို့ ကုန်ဝင်ရောက်မှုရှိခြင်းနှင့် မျိုးစေ့နှင့် သွင်းအားစုများ ဈေးမြင့်ခဲ့ခြင်းကြောင့် ထုတ်လုပ်မှုစရိတ်များ မြင့်ကာ ပြောင်းဈေးမြင့်နေခြင်း၊ စက်သုံးဆီ ဈေးမြင့်နေခြင်းကြောင့် သယ်ယူစရိတ်များလည်း မြင့်နေခြင်း၊ တရုတ်၊ ထိုင်း၊ ဗီယက်နမ် နိုင်ငံများသို့ တင်ပို့မှုရှိခြင်း၊ ရောင်းလိုအား ဝယ်လိုအား မျှနေခြင်းတို့ကြောင့် အစေ့ထုတ်ပြောင်း ဈေးနှုန်းများမှာ ယခင် ရက်သတ္တပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ် အရောင်းအဝယ်ဖြစ်ခဲ့သည်။ အစေ့ထုတ်ပြောင်း(၅၄) ပိဿာလျှင် ပျမ်းမျှ ဈေးနှုန်းမှာ(၆၄၂၆၀)ကျပ်ဖြစ်သည်။

## ပဲမျိုးစုံဈေးကွက်

ပဲမျိုးစုံ အဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံတွင် ရာသီဥတုဖောက်ပြန်ခြင်းနှင့် ပဲအထွက်နှုန်းလျော့နည်းခဲ့ခြင်းကြောင့် ပဲလိုအပ်ချက်များကာ မတ်ပဲ၊ ပဲစင်းငုံများအား လွတ်လပ်စွာတင်သွင်းခွင့်အား ၂၀၂၅ ခုနှစ်အထိ တိုးမြှင့်ခွင့်ပြုရန် ကြေညာချက်ထုတ်ပြန်ခဲ့သည်။ မြန်မာပြည်တွင်း၌လည်း မတ်ပဲ(သဘော်တင်)မှာ ပဲဟောင်းလက်ကျန်နည်းချိန်ဖြစ်ခြင်း၊ အိန္ဒိယ ဝယ်လက်များမှ ပုံမှန်ဝယ်ယူမှုရှိခြင်းတို့ကြောင့် မတ်ပဲ(သဘော်တင်) ဈေးနှုန်းများမှာ ယခင်အပတ်ထက်ဈေးမြင့်ခဲ့သည်။ အလားတူ ပဲစဉ်းငုံ(သဘော်တင်)ဈေးနှုန်းများမှာ ပဲသစ်အချို့ ကုန်အဝင်ရှိလာခြင်း၊ အရည်အသွေးကောင်းခြင်းနှင့် အိန္ဒိယဝယ်လက်များမှ ဝယ်ယူမှုများခြင်းတို့ကြောင့် ယခင်အပတ်ထက်ဈေးမြင့်သည်။ မတ်ပဲ(သဘော်တင်) တစ်တန်လျှင် ယခင်အပတ် ဈေးနှုန်းမှာ ၂၉၈၇၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၃၀၆၁၀၀၀ ကျပ်သို့ ရောက်ရှိ ဈေးမြင့်ခဲ့သည်။ ပဲစင်းငုံ(သဘော်တင်) တစ်တန်လျှင် ယခင်အပတ်ဈေးနှုန်းမှာ ၃၂၇၅၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၃၅၀၅၀၀၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။ ယခုရက်သတ္တပတ်အတွင်း ကုန်စည်ဒိုင်ဖွင့်ရက် ၅ ရက်ရှိခဲ့ပြီး မတ်ပဲ(သဘော်တင်)မှာ ကုန်သေတ္တာ ၁၀ လုံးခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲစင်းငုံ(သဘော်တင်)မှာ ကုန်သေတ္တာ ၂၀ လုံးခန့် အရောင်းအဝယ် ဖြစ် ခဲ့ကြောင်းသိရသည်။ ပဲတီရွှေဝါမှာ ပခုက္ကူ၊ ခရမ်း၊ ပဲခူး၊ ဝါးခယ်မဒေသများမှ ပဲသစ်များလှိုင်လှိုင်ဝင်ရောက်မှုရှိခြင်း၊ တရုတ်ဝယ်လက်များမှ ဝယ်ယူမှုများခြင်းတို့ကြောင့် ယခင်အပတ်ထက် ဈေးမြင့်ခဲ့သည်။ ပဲတီရွှေဝါ ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၁၉၂၄၅၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၁၉၄၈၅၀ ကျပ်သို့ရောက်ရှိဈေးမြင့်ခဲ့ခြင်း ဖြစ်သည်။ ကုလားပဲမှာ ပဲဟောင်းလက်ကျန်နည်းချိန်ဖြစ်ခြင်း၊ ပဲခွဲစက်များမှ ပုံမှန်ဝယ်ယူမှုရှိခြင်းတို့ကြောင့် ယခင်အပတ်ဈေးထက်မြင့်ခဲ့သည်။ ကုလားပဲတစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၄၉၄၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၄၉၅၈ ကျပ်သို့ရောက်ရှိဈေးမြင့်ခဲ့သည်။ ပဲလွမ်းဖြူနှင့် ဘိုကိတ်ပဲမှာ ပဲဟောင်းလက်ကျန်များ ပစ္စည်းပြတ်ချိန်တွင် ပဲသစ် အချို့ ကုန်အဝင်ရှိလာခြင်း၊ အရည်အသွေးကောင်းခြင်းတို့ကြောင့် ယခင်အပတ်ထက်ဈေးမြင့်ခဲ့သည်။ ပဲလွမ်းဖြူ၊ ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၂၂၂၄၅၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၂၅၀၀၀ ကျပ်သို့ရောက်ရှိ ဈေးမြင့်ခဲ့သည်။ ပဲပုပ်မှာ ပဲဟောင်းလက်ကျန်များသာရှိခြင်းနှင့် အရောင်းအဝယ်အေးခြင်းတို့ကြောင့် ယခင်အပတ်ထက်ဈေး နိမ့်ခဲ့သည်။ ပဲပုပ်ပဲ ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၁၉၉၉၅၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၁၈၂၅၅၀ ကျပ်သို့ရောက်ရှိ ဈေးနိမ့်ခဲ့သည်။

## စားသုံးဆီဈေးကွက်

ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သောနိုင်ငံများတွင် ဖြစ်ပေါ်လျက်ရှိသော ဈေးကွက် ဈေးနှုန်းများအပေါ် အခြေခံ၍ စားအုန်းဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း၊ လုပ်ငန်းကြီးကြပ်မှု ကော်မတီ၏ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၈ ရက်မှ ၁၄ ရက်အထိ ကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန် အထိုင်လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၄၉၅၅ ကျပ်ဖြစ်သည်။ ဒီဇင်ဘာလနောက်ဆုံးအပတ်မှစ၍ ယခုရက် သတ္တပတ်တိုင်အောင် ၄၉၅၅ ကျပ်ဖြင့် ဈေးနှုန်း တည်ငြိမ်နေခြင်းဖြစ်သည်။ ပြင်ပရှိ လက်လီဈေးကွက်တွင် သတ်မှတ်ထားသော ဆိုင်အချို့၌ ရည်ညွှန်းဈေးနှုန်း ထက်များစွာ မကွာသောဈေးနှုန်းများဖြင့် စားအုန်းဆီများအား ဝယ်ယူရရှိနိုင်သည်။

**အေးသန္တာဝင်း**

---

စာ-၁၄ မှ-

## ဂျုံ နှင့်အစေ့ထုတ်ပြောင်း ဈေးကွက်

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်းတွင် ဂျုံဈေးနှုန်းအနေဖြင့် စိုက်ပျိုးထား ဆဲကာလဖြစ်၍ လှောင်သမားထံမှ ဝယ်ရခြင်းကြောင့် ငါန်းဇွန်၊ မြို့သာ၊ မုံရွာ၊ ဘုတလင်၊ မြင်းမူ၊ မြောင်၊ ရွှေဘိုဒေသထွက်ဂျုံများ ၃တင်းတစ်အိတ် ၁၈၅၀၀၀ကျပ်၊ ရှမ်းဂျုံ(သစ်) ၃တင်းတစ်အိတ် ၁၇၅၀၀၀ကျပ်၊ ကြူကွတ်ဂျုံ ၁၆၅၀၀၀ကျပ်၊ ဩစတေးလျဂျုံမှုန့်တစ်ပိဿာ ၃၃၀၀ကျပ်ဖြင့် ဂျုံစက်များ ဝယ်ယူမှုပုံမှန်ရှိနေသည်။

အစေ့ထုတ်ပြောင်းဈေးနှုန်းအနေဖြင့် မိုးလက်ကျန်နည်းခြင်း၊ ဆောင်းပြောင်းမဝင်သေးခြင်း၊ အစာစပ်သမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၃တင်းတစ်အိတ် အရည်အသွေးပေါ်မူတည်၍ ၅၇၀၀၀ ကျပ် မှ ၅၈၀၀၀ကျပ်ဖြင့် ပုံမှန်ရောင်းဝယ်နေသည်။

**ခင်မေကြည်**




## ဆန်နှင့်ဆီ

မန္တလေးကိုင်းတန်းဈေး ဆန်ပွဲရုံများတွင် အဝင်ပုံမှန် စားသုံးမှုပုံမှန်ရှိခြင်းကြောင့် ရန်ကုန်ပေါ်ဆန်းတစ်အိတ် ၁၂၅၀၀၀ ကျပ်၊ ရွှေဘိုပေါ်ဆန်း တစ်အိတ် ၁၄၀၀၀၀ကျပ် ဖြင့် ဈေးငြိမ်နေသည်။

မနောသုခဆန်မှာ မန္တလေးဝန်းကျင်မှ အဝင်များလာခြင်း၊ စားသုံးမှုပုံမှန်ရှိခြင်း၊ နယ်ဝေးတင်ပို့ ရမှုနည်းပြီး မြို့တွင်းသုံးသာရှိခြင်းကြောင့် တစ်အိတ် ၈၀၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသည်။

ငစိန်ဆန်နှင့်ဇီယာဆန်မှာ ရန်ကုန်ဈေးကွက်မှတစ်ဆင့် ဝင်ရောက်သောဆန်ဖြစ်ခြင်း၊ လုပ်ငန်းသမားအဝယ်များခြင်းကြောင့် ငစိန်ဆန်တစ်အိတ် ၇၂၀၀၀ကျပ် မှ ၇၅၀၀၀ကျပ်သို့ ဈေး မြင့်သွားပြီး ဇီယာဆန်မှာ အဝင်နည်းခြင်းကြောင့် မြို့တွင်းသုံးပုံမှန်ရှိခြင်း၊ ဗန်မော်နှင့်အမှာရှိသော မြို့များ တင်ပို့ရမှုရှိခြင်းကြောင့် တစ်အိတ် ၈၀၀၀၀ကျပ် မှ ၈၅၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

ရောမင်းဆန်မှာမူ အဝင်ပုံမှန်၊ မြို့တွင်းစားသုံးမှုပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၁၃၅၀၀၀ကျပ် ဖြင့် ဈေးငြိမ်နေသည်။

ဆီဈေးနှုန်းအနေဖြင့် ပဲဆီတစ်ပိဿာ ၁၂၀၀၀ကျပ်၊ နှမ်းဆီတစ်ပိဿာ ၁၂၅၀၀ကျပ်၊ နေကြာဆီ တစ်ပိဿာ ၁၃၀၀၀ကျပ်၊ မုန်ညှင်းဆီ ၁၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ပဲပုတ်ဆီမှာ ဆောင်းပဲပုတ်များဝင်ချိန်နီး၍ ရှမ်းပဲပုတ်ဈေးနိမ့်သဖြင့် လက်ကျန်များခြင်းကြောင့် တစ်ပိဿာ ၇၀၀၀ကျပ် မှ ၆၅၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။

## ဆီထွက်သီးနှံ

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်းတွင် မြေပဲ(လုံးဆံ)ဈေးနှုန်းအနေဖြင့် မိုးပဲအဝင်နည်းသွားခြင်း၊ ဆောင်းပဲမဝင်သေးခြင်းကြောင့် ၁၀၀ပိဿာ မြင်းမူဆံ ၇၀၀၀၀၀ကျပ် မှ ၇၂၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ မြေပဲ(ဆီဆံ)ဈေးနှုန်းမှာ ဆီစက်များပုံမှန် ဝယ်ယူမှုရှိခြင်း၊ မိုးပဲလက်ကျန်နည်းခြင်းကြောင့် ၁၀၀ပိဿာ အရည်အသွေးအကောင်းဆုံး ၅၈၀၀၀၀ ကျပ် မှ ၆၀၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

နှမ်းမျိုးစုံဈေးနှုန်းအနေဖြင့် နှမ်းဖြူမှာ မိုးနှမ်းလက်ကျန်နည်းခြင်း၊ ဆောင်းနှမ်းအဝင်နည်း သေးခြင်းကြောင့် တရုတ်ဝယ်လက်နည်းသော်လည်း ၄၅ပိဿာ အရည်အသွေးအကောင်းဆုံး ၃၄၀၀၀၀ကျပ် မှ ၃၄၅၀၀၀ကျပ်သို့ ဈေးမသိမသာ မြင့်သွားသည်။ နှမ်းညိုမှာ မိုးနှမ်းလက်ကျန် နည်းခြင်း၊ ဆောင်းနှမ်းမဝင်သေးခြင်း၊ ဆီစက်သမားအဝယ်ရှိခြင်းကြောင့် ၄၅ပိဿာ အရည်အသွေး အကောင်းဆုံး ၂၈၅၀၀၀ကျပ် မှ ၂၉၅၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ နှမ်းနက် တရုတ်ဝယ်လက် နည်းခြင်း၊ အရောင်းအဝယ် အေးခြင်းကြောင့် ၄၅ပိဿာ ၃၆၀၀၀၀ကျပ်မှ ၃၄၀၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ နှမ်းဝါနှင့်နှမ်းနီမှာ လက်ကျန်နည်းသွားခြင်းကြောင့် ၄၅ပိဿာ ၃၀၀၀၀၀ကျပ်ဖြင့်ဈေးငြိမ်နေသည်။

ပန်းနှမ်းအနေဖြင့် လက်ကျန်နည်းပစ္စည်းရှားသော်လည်း အရောင်း အဝယ်အေးခြင်း၊ အသစ်ဝင်ချိန်နီး၍ လှောင်သမား ထုတ်ရောင်းမှု ရှိခြင်း၊ ဘယဆေးသမား အဝယ်အနည်းငယ် ရှိခြင်းကြောင့် ၄၅ပိဿာ ၁၉၅၀၀၀ကျပ်ဖြင့် အနည်းငယ်ရောင်းဝယ်မှုရှိသည်။

နေကြာဈေးနှုန်းမှာ ဆောင်းနေကြာဝင်ချိန်နီးခြင်း၊ ဆီစက်သမား အဝယ်နည်းခြင်းကြောင့် ၂၇ ပိဿာ ၁၂၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## စားဖိုဆောင်သီးနှံဈေးကွက်

ကိုင်းတန်းဈေးတွင် မြစ်သားကြက်သွန်များ အဝင်များခြင်း၊ နယ်ဝေးတင်ပို့ရမှု နည်းခြင်းကြောင့် ကြက်သွန်နီ(ကြီး) တစ်ပိဿာ ၃၇၀၀ကျပ် မှ ၃၂၀၀ကျပ် လတ်တစ်ပိဿာ ၃၄၀၀ကျပ် မှ ၂၈၀၀ကျပ်၊ သေးတစ်ပိဿာ ၂၈၀၀ကျပ် မှ ၂၃၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ ရွှေဘို ဘက်မှ ကြက်သွန်များမှာ ကြီးတစ်ပိဿာ ၂၈၀၀ကျပ်၊ လက်တစ်ပိဿာ ၂၅၀၀ကျပ်၊ သေးတစ်ပိဿာ ၂၀၀၀ကျပ် ဈေးရှိသည်။

ကြက်သွန်ဖြူ(တရုတ်)မှာ အဝင်များလာခြင်း၊ မြို့တွင်းသုံးပုံမှန်ရှိခြင်းကြောင့် တစ်ပိဿာ ၁၁၀၀၀ကျပ် မှ ၁၀၀၀၀ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။ ကြက်သွန်ဖြူ(ရှမ်း) မှာ အသစ်မဝင် သေးခြင်း ပစ္စည်းကောင်းရှားခြင်းကြောင့် အရည်အသွေး အညံ့ဆုံး တစ်ပိဿာ ၁၁၀၀၀ကျပ်မှ အကောင်းဆုံး ၁၆၀၀၀ကျပ်ထိ ဈေးမြင့်နေသည်။

ယခုအပတ်အတွင်း တရုတ်အာလူးများသာ ရောင်းဝယ်မှုရှိခြင်း၊ အောင်ပန်းအာလူး ဝင်ရောက်မှုမရှိခြင်း၊ မြို့တွင်းသုံး ဝယ်ယူမှုပုံမှန်ရှိခြင်းကြောင့် ယခင်အပတ် ၂၃၀၀ကျပ်မှ ယခုအပတ် ၂၅၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

## ပဲမျိုးစုံ ဈေးကွက်

မန္တလေးကထိန်တော် အသင်းတွင် ပဲမျိုးစုံတို့အနက် မတ်ပဲဈေးနှုန်း မှာ အသစ်မဝင်သေးခြင်း၊ လှောင်သမားထံမှဝယ်ရခြင်း၊ ရန်ကုန်ဝယ်လက်ရှိခြင်းကြောင့် ၆၀ ပိဿာ ၂၈၀၀၀၀ကျပ်မှ ၂၉၀၀၀၀ ကျပ် သို့ ဈေးမြင့်သွားသည်။

ပဲတီစိမ်း(အညာ)မှာ အသစ်များစတင်ဝင်ရောက်ခြင်း၊ အဟောင်းလက်ကျန်လည်းရှိခြင်း ကြောင့် အရည်အသွေးအကောင်းဆုံး အသစ် ၃တင်း တစ်အိတ် ၁၈၀၀၀၀ကျပ်၊ အဟောင်းတစ် အိတ် ၁၇၅၀၀၀ကျပ်ဖြင့် တရုတ်ဝယ်လက်နှင့် မြို့တွင်းပဲခွဲစက်များ ပုံမှန်ဝယ်ယူမှုရှိသည်။

ပဲစိမ်းငုံ(ဖြူ)မှာ အသစ်မဝင်သေးခြင်း၊ လက်ကျန်ပစ္စည်းရှားခြင်းကြောင့် အရောင်းအဝယ် ဖြစ်မှုမရှိဘဲ ပဲစိမ်းငုံ(နီ)မှာ ရန်ကုန်ဝယ်လက်ရှိခြင်း၊ လှောင်သမားထံမှ ဝယ်ရခြင်းကြောင့် ၃တင်း တစ်အိတ် ယခင်အပတ် ၃၁၀၀၀၀ ကျပ်မှ ၃၃၅၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

ပဲပုတ်(မြန်မာ)မှာ မိုးပဲအဝင်နည်းခြင်း၊ ဆောင်းပဲစိုက်ပျိုးဆဲဖြစ်ခြင်း၊ လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၃တင်း တစ်အိတ် ၁၉၀၀၀၀ ကျပ် မှ ၁၉၅၀၀၀ကျပ်သို့ ဈေးမြင့်သွားပြီး ပဲပုတ်(ရှမ်း)မှာ ဆီစက်သမားအဝယ်နည်းခြင်း၊ အသစ်ဝင်ချိန်နီးခြင်းကြောင့် ၃တင်းတစ်အိတ် ယခင် အပတ် ၁၇၃၀၀၀ကျပ် မှ ယခုအပတ် ၁၆၈၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။

ကုလားပဲ(လုံးဝါကြီး/လုံးဖြူကြီး)တို့မှာ အသစ်စိုက်ပျိုးထားဆဲကာလဖြစ်ခြင်း၊ လက်ကျန် နည်းခြင်း၊ လုပ်ငန်းသုံးနှင့်ခွဲစက်များ ဝယ်ယူမှုပုံမှန်ရှိခြင်းတို့ကြောင့် လုံးဖြူကြီး ၃တင်းတစ်အိတ် ၂၉၀၀၀၀ကျပ်မှ ယခုအပတ် ၃၀၂၀၀၀ကျပ်သို့ ဈေးမြင့်သွားပြီး၊ လုံးဝါကြီးမှာ ၂၈၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ လုံးဝါကြီးအမြင့်ဈေးဖြင့် ဝယ်ယူကြိတ်ခွဲရသဖြင့် ခွဲခြမ်းမှာလည်း တစ်ပိဿာ ၆၅၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

မြေထောက်ပဲ၊ ပဲလွန်းဖြူ ပဲလွန်းပြာတို့မှာ ဆောင်းလက်ကျန် မဝင်သေးသော်လည်း လက်ကျန်နည်းခြင်း၊ ပစ္စည်းကောင်းရှားခြင်းကြောင့် အရောင်းအဝယ်အေးသော်လည်း မြေတောက် ပဲ ၅၄ပိဿာ ၃၄၀၀၀၀ကျပ်၊ ပဲလွန်းဖြူ ၁၉၅၀၀၀ကျပ်၊ ပဲလွန်းပြာ ၂၀၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပဲကြီး(ကြီး/သေး)၊ ထောပတ်ပဲ(ကြီး/သေး)တို့မှာ မိုးပဲလက်ကျန်နည်းခြင်း၊ ဆောင်းပဲ မဝင်သေးခြင်း၊ လုပ်ငန်းသမားဝယ်ယူမှု ပုံမှန်ရှိခြင်းကြောင့် ၃တင်းတစ်အိတ် ပဲကြီး(ကြီး) ၄၂၀၀၀၀ကျပ်၊ ပဲကြီး(သေး) ၄၀၀၀၀၀ကျပ်၊ ထောပတ်ပဲ(ကြီး) ၄၅၀၀၀၀ကျပ်၊ ထောပတ်ပဲ(သေး) ၄၀၀၀၀၀ကျပ် အသီးသီးဖြင့် ရောင်းဝယ်မှုရှိသည်။

## ဟင်းသီး/ရွက်နှင့် သစ်သီးဝလံဈေးကွက်

ခရမ်းချဉ်(ရှမ်းတောင်)မှာ အဝင်နည်းသော်လည်း ပင်ကျသီးများဖြစ်ခြင်းကြောင့် ၂၀ပိဿာ တစ်သေတ္တာလျှင် ၂၀၀၀၀ကျပ်ဈေး၊ မုံရွာညောင်ပင်ဝန်းမှ ထိုင်ဝမ်သီး တစ်ပိဿာ ၁၀၀၀ကျပ်ဖြင့် မြစ်ကြီးနား၊ လုံးခင်းသို့ တင်ပို့မှုရှိသည်။

သစ်သီးဝလံဈေးနှုန်းအနေဖြင့် ဆားတောင်ဘက်မှ ဖရဲသီးများ လှိုင်လှိုင်ဝင်ရောက်ပြီး အရည်အသွေးပေါ်မူတည်၍ ၁၅၀၀ကျပ် မှ ၁၈၀၀ ကျပ်၊ ချောင်းဦး၊ မြစ်သားမှ ပိုက်သခွား ၄လုံး တစ်ဖာ ၁၅၀၀၀ကျပ်၊ ရွှေသခွား ၄လုံးတစ်ဖာ ၅၀၀၀ကျပ်ဖြင့် ရောင်းဝယ်နေသည်။ ခင်ဦး၊ ဆားတောင်၊ တံတားဦး၊ ငါန်းဇွန်တို့မှ သဘော်သီးများ အဝင်များခြင်းကြောင့် အကြီး တစ်လုံး ၁၅၀၀ကျပ်၊ ၂လုံးတွဲတစ်ထုပ် ၁၀၀၀ကျပ် ဈေးရှိသည်။

ထောပတ်သီးများ အဝင်များလာခြင်းကြောင့် အရည်အသွေးပေါ်မူတည်၍ ၁၂၀လုံးပါ ပိုက်အိတ်တစ်အိတ် ၂၀၀၀၀ကျပ် မှ ၃၀၀၀၀ကျပ်၊ သီပေါ်မှ လိမ္မော်သီးများ လှိုင်လှိုင်ဝင်ရောက်မှု ရှိခြင်းကြောင့် အရည်အသွေးပေါ်မူတည်၍ ၁၀၀ပိဿာ ၁၈၀၀၀၀ကျပ် မှ ၃၀၀၀၀၀ကျပ်ထိ ဈေး အမျိုးမျိုးဖြင့် ရောင်းဝယ်မှုရှိသည်။သစ်သီးမျိုးစုံအား လားရှိုး၊ ဖားအံ၊ မြဝတီ၊ မြစ်ကြီးနားနှင့် အမှာရှိသော မြို့များသို့ တင်ပို့မှုရှိ သည်။

စာ-၁၃ သို့

# ၂၀၂၄ ဇန်နဝါရီလ သွင်းအားစု ဈေးနှုန်းများ (၃၀-၁၂-၂၀၂၃)


| စဉ် | သီးနှံအမည် | ယူနစ် | | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | ပဲခူး | စစ်ကိုင်း | ဧရာဝတီ | ရခိုင် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေတွက်ပုံ | တစ်ယူနစ် ပမာဏ | | | | | | | | |
| ယူရီးယား | | | | | | | | | | | |
| ၁ | မြင်းပျံ | အိတ် | ၅၀ ကီလို | ၈၅,၀၀၀ | ၈၆,၀၀၀ | | ၇၉,၀၀၀ | ၈၀,၀၀၀ | ၉၀,၀၀၀ | ၈၅,၀၀၀ | ၁၂၀,၀၀၀ |
| ၂ | ရွှေတောင် | အိတ် | ၅၀ ကီလို | ၇၅,၀၀၀ | ၈၃,၀၀၀ | ၇၈,၀၀၀ | ၇၉,၀၀၀ | ၈၂,၀၀၀ | ၈၉,၀၀၀ | ၇၈,၀၀၀ | ၁၂၀,၀၀၀ |
| ၃ | ဩဘာ/ကောမက် | အိတ် | ၅၀ ကီလို | | ၈၅,၀၀၀ | ၈၀,၀၀၀ | ၈၀,၀၀၀ | ၈၀,၀၀၀ | ၈၈,၀၀၀ | ၈၄,၀၀၀ | ၁၂၅,၀၀၀ |
| ၄ | ရွှေနဂါး | တင်း | ၅၀ ကီလို | ၇၅,၀၀၀ | ၉၃,၀၀၀ | ၈၀,၀၀၀ | ၇၅,၀၀၀ | ၈၀,၀၀၀ | ၈၈,၀၀၀ | ၈၅,၀၀၀ | |
| ၅ | ဝိစာရ | တင်း | ၅၀ ကီလို | | ၈၈,၀၀၀ | ၈၀,၀၀၀ | | | ၉၀,၀၀၀ | | ၁၂၅,၀၀၀ |
| တီစူပါ | | | | | | | | | | | |
| ၆ | သံကွင်း | အိတ် | ၅၀ ကီလို | | ၁၀၄,၀၀၀ | | ၈၅,၀၀၀ | ၁၁၀,၀၀၀ | ၉၈,၀၀၀ | ၁၁၀,၀၀၀ | ၁၂၀,၀၀၀ |
| ၇ | အာမို | အိတ် | ၅၀ ကီလို | ၁၂၀,၀၀၀ | ၁၁၀,၀၀၀ | ၁၀၀,၀၀၀ | ၁၀၀,၀၀၀ | ၁၁၅,၀၀၀ | ၉၈,၀၀၀ | ၁၀၅,၀၀၀ | |
| ၈ | ဩဘာ/ကောမက် | အိတ် | ၅၀ ကီလို | ၁၅၀,၀၀၀ | ၁၁၄,၀၀၀ | ၁၀၂,၀၀၀ | ၁၁၀,၀၀၀ | ၁၁၅,၀၀၀ | ၁၀၃,၀၀၀ | ၁၀၅,၀၀၀ | ၁၃၀,၀၀၀ |
| ၉ | ဝိစာရ | အိတ် | ၅၀ ကီလို | | ၉၅,၀၀၀ | ၁၀၂,၀၀၀ | ၉၆,၀၀၀ | ၁၁၀,၀၀၀ | ၁၀၃,၀၀၀ | | ၁၃၀,၀၀၀ |
| ပိုတက် | | | | | | | | | | | |
| ၁၀ | မာကိုတာ | အိတ် | ၅၀ ကီလို | ၁၂၀,၀၀၀ | ၁၁၅,၀၀၀ | ၁၂၅,၀၀၀ | ၉၅,၀၀၀ | ၁၂၀,၀၀၀ | ၁၁၈,၀၀၀ | | ၁၄၀,၀၀၀ |
| ၁၁ | ဝိစာရ | အိတ် | ၅၀ ကီလို | | ၁၁၀,၀၀၀ | | | ၁၁၀,၀၀၀ | ၁၂၈,၀၀၀ | | ၁၄၃,၀၀၀ |
| ၁၂ | အာမို | အိတ် | ၅၀ ကီလို | ၁၅၀,၀၀၀ | ၁၁၀,၀၀၀ | ၁၃၀,၀၀၀ | ၁၂၅,၀၀၀ | ၁၂၅,၀၀၀ | ၁၂၈,၀၀၀ | ၁၀၅,၀၀၀ | |
| ၁၃ | ဩဘာ | အိတ် | ၅၀ ကီလို | | ၁၁၀,၀၀၀ | ၁၃၀,၀၀၀ | ၁၁၀,၀၀၀ | ၁၁၅,၀၀၀ | ၁၃၀,၀၀၀ | ၁၁၁,၅၀၀ | ၁၄၅,၀၀၀ |
| ကွန်ပေါင်း | | | | | | | | | | | |
| ၁၄ | ဩဘာ/ကောမက် | အိတ် | ၅၀ ကီလို | ၁၄၃,၀၀၀ | ၁၃၀,၀၀၀ | ၁၅၅,၀၀၀ | ၁၃၀,၀၀၀ | ၁၃၀,၀၀၀ | ၁၅၅,၀၀၀ | ၁၁၅,၀၀၀ | ၁၅၉,၀၀၀ |
| ၁၅ | အာမို | အိတ် | ၅၀ ကီလို | ၁၄၀,၀၀၀ | ၁၃၅,၀၀၀ | ၁၄၅,၀၀၀ | ၁၅၃,၀၀၀ | ၁၃၀,၀၀၀ | ၁၄၆,၀၀၀ | ၁၂၀,၀၀၀ | |
| ၁၆ | ဝိစာရ | အိတ် | ၅၀ ကီလို | ၁၀၂,၀၀၀ | ၁၀၀,၀၀၀ | ၁၄၅,၀၀၀ | ၁၀၀,၀၀၀ | ၁၃၀,၀၀၀ | ၁၄၈,၀၀၀ | | ၁၅၅,၀၀၀ |
| ၁၇ | ရွှေနဂါး | အိတ် | ၅၀ ကီလို | | ၁၁၀,၀၀၀ | | ၁၂၅,၀၀၀ | ၁၂၀,၀၀၀ | ၁၃၈,၀၀၀ | | |
| ၁၈ | သံကွင်း | အိတ် | ၅၀ ကီလို | | ၁၂၀,၀၀၀ | | ၁၂၆,၀၀၀ | ၁၂၀,၀၀၀ | ၁၃၈,၀၀၀ | | |
| ဂျစ်ပဆန် | | | | | | | | | | | |
| ၁၉ | ဩဘာ/ကောမက် | အိတ် | ၂၅ ကီလို | ၆,၀၀၀ | ၈,၀၀၀ | ၈,၀၀၀ | ၆,၈၀၀ | ၇,၀၀၀ | | ၇,၅၀၀ | ၁၂,၀၀၀ |
| ၂၀ | အာမို | အိတ် | ၂၅ ကီလို | ၆,၀၀၀ | ၇,၀၀၀ | ၈,၀၀၀ | ၇,၀၀၀ | ၇,၀၀၀ | | ၆,၅၀၀ | ၁၂,၀၀၀ |
| ရွက်ဖျန်းမြေဩဇာ | | | | | | | | | | | |
| ၂၁ | ဩဘာ/ကောမက် | ဗူး | ၅၀၀ စီစီ | ၈,၃၀၀ | ၁၀,၃၀၀ | ၇,၀၀၀ | ၈,၅၀၀ | ၂၄,၀၀၀ | | | ၁၁,၀၀၀ |
| ၂၂ | အာမို | ထုပ် | ၅၀၀ ဂရမ် | ၈,၅၀၀ | ၁၃,၀၀၀ | ၆,၀၀၀ | ၈,၀၀၀ | ၁၅,၀၀၀ | | ၉,၀၀၀ | ၁၂,၀၀၀ |
| ပိုးသတ်ဆေး | | | | | | | | | | | |
| ၂၃ | တင်းရှန် | ဗူး | ၅၀၀ စီစီ | | | | ၂၈,၀၀၀ | ၂၆,၀၀၀ | | | |
| ၂၄ | ဒါနာဒင် | ဗူး | ၅၀၀ စီစီ | | ၂၉,၀၀၀ | ၂၇,၅၀၀ | ၁၅,၃၀၀ | ၃၀,၀၀၀ | | | |
| ၂၅ | ဖိုင်းယား | ဗူး | ၅၀၀ စီစီ | ၂၅,၀၀၀ | ၂၈,၅၀၀ | ၂၆,၁၀၀ | ၂၆,၀၀၀ | ၃၁,၀၀၀ | | ၂၅,၀၀၀ | ၂၅,၀၀၀ |
| ၂၆ | ဖျူရီ | ဗူး | ၅၀၀ စီစီ | | | | ၂၀,၀၀၀ | ၂၆,၀၀၀ | | ၄၂,၀၀၀ | |
| ၂၇ | ဘက်တား | ထုပ် | ၅၀၀ ဂရမ် | ၃၈,၀၀၀ | ၂၃,၀၀၀ | ၅၀,၀၀၀ | ၂၀,၅၀၀ | ၂၅,၀၀၀ | | ၄၂,၀၀၀ | ၂၄,၅၀၀ |
| မှိုသတ်ဆေး | | | | | | | | | | | |
| ၂၈ | ကာဆူမင် | ဗူး | ၅၀၀ စီစီ | | | ၂၂,၅၀၀ | | ၂၅,၀၀၀ | | ၂၄,၀၀၀ | ၂၉,၀၀၀ |
| ၂၉ | ဆင်နာဂျီ | ထုပ် | ၅၀၀ ဂရမ် | | ၂၀,၀၀၀ | ၁၉,၈၀၀ | ၁၉,၅၀၀ | ၃၂,၀၀၀ | | ၂၅,၀၀၀ | ၂၈,၀၀၀ |
| ၃၀ | မန်ကိုဇက် | ထုပ် | ၅၀၀ ဂရမ် | ၁၈,၅၀၀ | ၂၀,၀၀၀ | ၁၃,၅၀၀ | | ၁၈,၀၀၀ | | ၁၇,၀၀၀ | ၃၀,၀၀၀ |
| ၃၁ | ယူနတီ | ဗူး | ၅၀၀ စီစီ | ၃၉,၇၀၀ | | ၃၆,၅၀၀ | ၂၄,၅၀၀ | ၃၀,၀၀၀ | | | |
| ၃၂ | ဟက်ဇာဂွန်/ဟက်ဇာဂိုနားဖိုး | ဗူး | ၅၀၀ စီစီ | ၁၆,၅၀၀ | ၁၉,၀၀၀ | | | ၂၃,၅၀၀ | | | |
| ၃၃ | အာမိုခရောင်း | ထုပ် | ၅၀၀ ဂရမ် | ၁၆,၀၀၀ | | ၃၂,၅၀၀ | | ၂၅,၀၀၀ | | ၂၄,၀၀၀ | |
| ပေါင်းသတ်ဆေး | | | | | | | | | | | |
| ၃၄ | ကွန်ပလိ | ထုပ် | ၅၀၀ ဂရမ် | ၂၅,၀၀၀ | | ၂၆,၀၀၀ | ၂၀,၀၀၀ | ၃၅,၀၀၀ | | ၂၈,၀၀၀ | ၂၀,၀၀၀ |
| ၃၅ | ဂလိုင်ဖိုဆိတ်/ပေါင်းကေလာ | ဗူး | ၁ လီတာ | ၃၂,၀၀၀ | ၃၂,၀၀၀ | ၃၅,၀၀၀ | ၄၈,၀၀၀ | ၂၂,၀၀၀ | | ၃၀,၀၀၀ | ၂၂,၀၀၀ |
| ၃၆ | ဂျင်နရယ် | ဗူး | ၁ လီတာ | | | | | ၂၄,၀၀၀ | | | |
| ၃၇ | ဓောင်းထက်(40wp) | ထုပ် | ၅၀၀ ဂရမ် | ၃၄,၀၀၀ | | | | ၂၈,၀၀၀ | | | |
| ၃၈ | ဖော်ကျွန်း | ဗူး | ၅၀၀ စီစီ | ၂၄,၀၀၀ | ၃၀,၀၀၀ | ၃၀,၀၀၀ | ၂၃,၂၀၀ | ၂၃,၀၀၀ | | | ၃၅,၀၀၀ |
| ၃၉ | မက်ဖိုက်တာ | ထုပ် | ၅၀၀ ဂရမ် | | | | | ၁၅,၅၀၀ | | ၁၆,၀၀၀ | |
| ၄၀ | ဝိစာရ | ဗူး | ၅၀၀ စီစီ | | | | | ၂၂,၅၀၀ | | | |
| ဟော်မုန်း | | | | | | | | | | | |
| ၄၁ | ဂရိုးဩ | ထုပ် | ၁၀ စီစီ | ၁၃၀၀ | | ၂,၅၀၀ | ၂,၀၀၀ | ၂,၀၀၀ | | | ၂,၀၀၀ |
| ၄၂ | ဖာတီစတက် | ဗူး | ၅၀၀ စီစီ | | | | | ၁၆,၀၀၀ | | | |
| ၄၃ | မော်ရယ်မုန်း/လစ်တိုဇင် | ဗူး | ၅၀၀ စီစီ | ၂၃,၀၀၀ | | ၂၇,၄၀၀ | ၂၁,၀၀၀ | ၂၂,၀၀၀ | | | |
| ၄၄ | အာမို | ဗူး | ၅၀၀ စီစီ | | | ၁၉,၀၀၀ | | ၁၆,၀၀၀ | | | |
| ၄၅ | GA3 | ထုပ် | ၁၀ ဂရမ် | ၂,၀၀၀ | | ၂,၈၀၀ | | ၂,၅၀၀ | | ၂,၂၀၀ | ၂,၇၀၀ |

| စဉ် | သီးနှံအမည် | ယူနစ် | | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | ပဲခူး | စစ်ကိုင်း | ဧရာဝတီ | ရခိုင် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေတွက်ပုံ | တစ်ယူနစ် ပမာဏ | | | | | | | | |
| မျိုးစေ့ | | | | | | | | | | | |
| ၄၆ | မနောသုခ(မျိုး) | တင်း | ၄၆ ပေါင် | ၃၅,၀၀၀ | | ၃၅,၀၀၀ | ၂၄,၀၀၀ | ၂၈,၀၀၀ | | ၂၅,၀၀၀ | ၂၃,၀၀၀ |
| ၄၇ | ဆင်းသုခ(မျိုး) | တင်း | ၄၆ ပေါင် | ၃၅,၀၀၀ | ၂၀,၀၀၀ | ၃၅,၀၀၀ | ၂၄,၀၀၀ | ၂၈,၀၀၀ | | ၂၅,၀၀၀ | ၂၃,၀၀၀ |
| ၄၈ | ရောမင်း(မျိုး) | တင်း | ၄၆ ပေါင် | ၄၅,၀၀၀ | ၃၀,၀၀၀ | ၃၇,၀၀၀ | ၂၇,၀၀၀ | | | ၃၀,၀၀၀ | |
| ၄၉ | ပေါ်ဆန်းမွှေး(မျိုး) | တင်း | ၄၆ ပေါင် | ၄၅,၀၀၀ | ၃၀,၀၀၀ | | ၂၉,၀၀၀ | | | | ၃၃,၀၀၀ |
| ၅၀ | လုံးသွယ်မွှေး(မျိုး) | တင်း | ၄၆ ပေါင် | | | | | | | | |
| ၅၁ | ရွှေရင်အေး(မျိုး) | တင်း | ၄၆ ပေါင် | | | | | | | | |
| ၅၂ | ပေါ်ဆန်းရင်(မျိုး) | တင်း | ၄၆ ပေါင် | ၄၅,၀၀၀ | ၂၄,၀၀၀ | | | | | ၃၇,၀၀၀ | ၃၁,၀၀၀ |
| ၅၃ | ရတနာ၁တိုး(မျိုး) | တင်း | ၄၆ ပေါင် | ၃၅,၀၀၀ | | | ၁၉,၀၀၀ | ၂၈,၀၀၀ | | | |
| ၅၄ | ရွှေသွယ်ရင်(မျိုး) | တင်း | ၄၆ ပေါင် | ၃၅,၀၀၀ | | ၃၀,၀၀၀ | | | | | |
| ၅၅ | ဆင်းသွယ်လတ်(မျိုး) | တင်း | ၄၆ ပေါင် | | | | | ၂၈,၀၀၀ | | | ၂၄,၀၀၀ |
| ၅၆ | မှော်ဘီ-၂ (မျိုး) | တင်း | ၄၆ ပေါင် | | | | ၂၂,၀၀၀ | ၂၈,၀၀၀ | | | |
| ၅၇ | ထိုင်းနံ့ကောက် (မျိုး) | တင်း | ၄၆ ပေါင် | ၃၅,၀၀၀ | | | | ၂၈,၀၀၀ | | | |
| ၅၈ | ဆင်းဧကရီ-၃ (မျိုး) | တင်း | ၄၆ ပေါင် | | | | | | | | |


စိုက်ပျိုးရေးဦးစီးဌာန စီမံကိန်းရေးဆွဲသုံးသပ်ရေးဌာနခွဲ ဈေးကွက်သတင်းအချက်အလက်စနစ် ဌာနစိတ်မှ ပြုစုသည်


## ပေါ်ဆန်းမွှေးနှင့် မနောသုခစပါး

ဒီဇင်ဘာလ ဒုတိယ ၁၅ ရက်အတွင်း ပေါ်ဆန်းစပါးဈေး နှုန်းမှာ ပျမ်းမျှတစ်တင်းလျှင် ၃၁၁၈၀ ကျပ်ရှိနေပြီး တစ် တင်းဈေးနှုန်း ၃၈၀၀ ကျပ်ဖြင့် အမြင့်ဆုံးဖြစ်နေပါ သည်။ ဒီဇင်ဘာလပထမ ၁၅ ရက်နှင့် နှိုင်းယှဉ်ပါက ပဲခူး၊ စစ်ကိုင်းနှင့် ရခိုင် ဈေးကွက်များတွင် တစ်တင်းလျှင် ၂၀၀၀ကျပ်မှ ၈၀၀၀ကျပ်(၆.၁%မှ ၃၃.၃%)ခန့်ဈေးနှုန်း မြင့်တက်ခဲ့ပြီး ဈေးနှုန်းလျော့ကျခဲ့ သည့်ဈေးကွက်မရှိဘဲ ကျန်ဈေးကွက်အများစု၌ ဈေးနှုန်းတည်ငြိမ်လျက်ရှိ သည်။




ဒီဇင်ဘာလဒုတိယ ၁၅ ရက်အတွင်း မနောသုခစပါး ပျမ်းမျှတစ် တင်းဈေးနှုန်းမှာ ၁၉၇၇၃ ကျပ် ရှိနေပြီး တစ်တင်းလျှင် ၂၁၁၁၄ ကျပ်ဖြင့် ဈေး နှုန်းအမြင့်ဆုံး ဖြစ်နေပါသည်။ ဒီဇင်ဘာလပထမ ၁၅ ရက်နှင့် နှိုင်း ယှဉ် ပါက တနင်္သာရီ၊ ဧရာဝတီ၊ ရခိုင်၊ ပဲခူးနှင့် စစ်ကိုင်း ဈေးကွက်များတွင် တစ်တင်း လျှင် ၂၅၀ ကျပ်မှ ၈၀၀၀ ကျပ်(၁.၂%မှ ၃၄.၈%)ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ဈေး နှုန်း လျော့ကျခဲ့သည့်ဈေးကွက်မရှိဘဲ ကျန်ဈေးကွက် အများစုတွင် ဈေး နှုန်း တည်ငြိမ်လျက်ရှိသည်ကို တွေ့ရှိ ရပါသည်။ဒီဇင်ဘာလဒုတိယ ၁၅ ရက် အတွင်း ပေါ်ဆန်း စပါးနှင့် မနောသုခစပါး ဈေးနှုန်းမှာ ဈေးကွက်အချို့ တွင် ဈေးနှုန်းမြင့်တက်နေပြီး ဈေးကွက်အများစုတွင် ဈေးနှုန်းတည်ငြိမ်လျက် ရှိကြောင်းတွေ့ရှိရသည်။








## နှမ်း၊ မြေပဲ၊ နေကြာ

ဒီဇင်ဘာဒုတိယ၁၅ ရက် ၌ ဈေးကွက်အတွင်း နှမ်း နက်တစ် တင်းပျမ်းမျှဈေးနှုန်းမှာ ၁၀၄၅၈၃ ကျပ် ရှိပြီး ဈေးနှုန်းအမြင့်ဆုံးအနေ ဖြင့် တစ်တင်းလျှင် ၁၃၂၀၀၀ ကျပ်ရှိ နေသည်။ ယခင် ၁၅ ရက်ဈေးနှုန်း နှင့် နှိုင်းယှဉ် ပါက နေပြည်တော်၊ က ယား၊ မကွေးနှင့် ရခိုင်ဈေးကွက် များ တွင် တစ်တင်းလျှင် ၉၀၀၀ ကျပ်မှ ၃၅၀၀၀ ကျပ် (၉.၅% မှ ၄၆.၇%)ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး တနင်္သာရီ ဈေးကွက်တွင်သာတစ်တင်းလျှင် ၁၂၅၀၀ ကျပ် (၁၁.၁%) ခန့် ဈေးနှုန်း ကျဆင်းခဲ့ကာ ကျန်ဈေးကွက်အများ စု၌ ဈေးနှုန်းပြောင်းလဲမှုမရှိကြောင်း တွေ့ရှိရပါသည်။

ဒီဇင်ဘာလဒုတိယ(၁၅) ရက်အတွင်း မြေပဲ(အခွံပါ) တစ် တင်းပျမ်းမျှဈေးနှုန်းမှာ ၃၀၇၀၈ ကျပ်ရှိနေပြီး ဈေးနှုန်း အမြင့်ဆုံး အနေဖြင့် တစ်တင်းလျှင် ၄၀၀၀၀ ကျပ် ရှိနေ ပါသည်။ ယခင် ၁၅ ရက် ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက မကွေး နှင့် ရခိုင်ဈေးကွက်များတွင် တစ် တင်းလျှင် ၅၀၀ ကျပ် မှ ၅၀၀၀ ကျပ်(၁.၉% မှ ၁၄.၃%)ခန့် ဈေးနှုန်း မြင့်တက်ခဲ့ပြီး ပဲခူးနှင့် နေပြည်တော် ဈေးကွက်များတွင် တစ်တင်းလျှင် ၅၀၀၀ ကျပ် (၁၆.၇%) ခန့်ဈေးနှုန်း ကျဆင်းခဲ့ကာ ကျန်ဈေးကွက်အများ စု၌ ဈေးနှုန်းတည် ငြိမ်လျက်ရှိသည်။

ဒီဇင်ဘာလဒုတိယ(၁၅)ရက် အတွင်း နေကြာတစ်တင်း ပျမ်းမျှ ဈေးနှုန်းမှာ ၄၃၂၀၀ ကျပ်ရှိနေပြီး ဈေးအမြင့်ဆုံးအနေဖြင့် တစ်တင်း လျှင် ၅၅၀၀၀ ကျပ် ရှိနေပါ သည်။ ယခင် ၁၅ ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ် ပါက မန္တလေး ဈေးကွက်တွင်တစ် တင်းလျှင် ၈၀၀၀ကျပ်(၁၇.၀%)ခန့် ဈေးနှုန်း မြင့်တက်ခဲ့ပြီး ပဲခူးနှင့် စစ် ကိုင်း ဈေးကွက်များ တွင် တစ်တင်း လျှင် ၂၀၀၀ ကျပ်မှ ၄၀၀၀ ကျပ် (၄.၈% မှ ၈.၂%)ခန့် ဈေးနှုန်းကျ ဆင်းခဲ့ကာ ကျန်ဈေးကွက်များ တွင် ဈေးနှုန်းတည်ငြိမ်နေသည်။




# တိုင်းဒေသကြီး/ပြည်နယ်အလိုက်သီးနှံလက်ကားဈေးနှုန်းများ (၃၁-၁၂-၂၀၂၃)

| စဉ် | သီးနှံအမည် | ယူနစ် | | နေပြည်တော် | ရန်ကုန် | မန္တလေး | ပဲခူး | စစ်ကိုင်း | ဧရာဝတီ | တနင်္သာရီ | ရခိုင် |
|---|---|---|---|---|---|---|---|---|---|---|---|
| စပါး | | | | | | | | | | | |
| ၁ | မနောသုခ | တင်း | ၄၆ ပေါင် | ၂၀,၀၀၀ | ၁၈,၀၀၀ | ၁၈,၅၀၀ | ၁၇,၅၀၀ | ၃၀,၀၀၀ | ၁၈,၅၀၀ | ၂၁,၀၀၀ | ၂၀,၀၀၀ |
| ၂ | ဆင်းသုခ | တင်း | ၄၆ ပေါင် | ၂၀,၀၀၀ | ၁၈,၀၀၀ | ၁၈,၅၀၀ | ၁၇,၅၀၀ | ၃၁,၀၀၀ | ၁၈,၅၀၀ | ၁၉,၃၃၃ | ၂၀,၀၀၀ |
| ၃ | ဧရာမင်း | တင်း | ၄၆ ပေါင် | ၂၈,၀၀၀ | ၂၁,၀၀၀ | ၂၂,၀၀၀ | ၁၉,၀၀၀ | ၃၆,၀၀၀ | ၂၀,၅၀၀ | ၁၉,၆၆၇ | |
| ၄ | ပေါ်ဆန်းမွှေး | တင်း | ၄၆ ပေါင် | ၃၈,၀၀၀ | ၂၇,၀၀၀ | ၂၄,၅၀၀ | ၃၀,၀၀၀ | ၃၅,၀၀၀ | | ၂၀,၆၆၇ | ၃၀,၀၀၀ |
| အခြားနှံစားသီးနှံ | | | | | | | | | | | |
| ၅ | အစေ့ထုတ်ပြောင်း | တင်း | ၁၈ ပိဿာ | ၁၈,၀၀၀ | | | ၁၉,၀၀၀ | ၁၇,၀၀၀ | ၂၀,၀၀၀ | | |
| ပဲမျိုးစုံ | | | | | | | | | | | |
| ၆ | မတ်ပဲ | တင်း | ၁၉.၄၄ ပိဿာ | ၁၁၀,၀၀၀ | ၉၃,၀၀၀ | ၉၂,၅၀၀ | ၈၇,၀၀၀ | ၈၀,၀၀၀ | ၉၃,၀၀၀ | ၈၁,၈၃၃ | ၇၉,၀၀၀ |
| ၇ | ပဲတီစိမ်း | တင်း | ၁၉.၄၄ ပိဿာ | ၆၀,၀၀၀ | ၇၂,၀၀၀ | ၅၄,၀၀၀ | ၆၇,၀၀၀ | ၅၂,၀၀၀ | ၇၃,၀၀၀ | ၅၅,၁၆၇ | ၈၁,၀၀၀ |
| ၈ | ပဲစင်းငုံ | တင်း | ၁၉.၄၄ ပိဿာ | ၁၁၀,၀၀၀ | | ၉၉,၅၀၀ | ၈၁,၀၀၀ | ၈၅,၀၀၀ | | ၁၀၃,၅၀၀ | |
| ၉ | ကုလားပဲ (လုံးသေး) | တင်း | ၁၈.၆၃ ပိဿာ | ၉၀,၀၀၀ | | | ၈၄,၀၀၀ | ၇၅,၀၀၀ | ၄၉,၀၀၀ | | |
| ၁၀ | ကုလားပဲ (လုံးကြီး) | တင်း | ၁၈.၆၃ ပိဿာ | ၉၀,၀၀၀ | | | ၈၁,၀၀၀ | ၈၀,၀၀၀ | ၄၉,၅၀၀ | | |
| ၁၁ | ကုလားပဲ (ခြမ်း) | ပိဿာ | | ၆,၀၀၀ | ၆,၀၀၀ | | ၇,၀၀၀ | ၅,၅၀၀ | ၇,၀၀၀ | ၆,၄၅၀ | ၉,၅၀၀ |
| ၁၂ | ပဲပုတ် | တင်း | ၁၉.၄၄ ပိဿာ | | | | ၇၆,၀၀၀ | ၆၃,၀၀၀ | | | |
| ဆီထွက် | | | | | | | | | | | |
| ၁၃ | နှမ်းနက် | တင်း | ၁၄.၈၅ ပိဿာ | ၁၄၄,၀၀၀ | | ၁၀၇,၅၀၀ | ၉၈,၀၀၀ | ၁၀၃,၀၀၀ | ၉၀,၀၀၀ | ၉၉,၅၀၀ | ၉၅,၀၀၀ |
| ၁၄ | နှမ်းနီ | တင်း | ၁၄.၈၅ ပိဿာ | ၈၀,၀၀၀ | | ၉၇,၀၀၀ | ၉၃,၀၀၀ | ၉၈,၀၀၀ | | | |
| ၁၅ | နှမ်းဖြူ | တင်း | ၁၄.၈၅ ပိဿာ | | | ၁၁၈,၀၀၀ | ၉၃,၀၀၀ | ၁၁၀,၀၀၀ | | | |
| ၁၆ | မြေပဲ(အဆန်) | ပိဿာ | | ၅,၅၀၀ | ၆,၄၀၀ | ၇,၂၀၀ | ၈,၀၀၀ | ၇,၀၀၀ | ၈,၇၀၀ | ၇,၈၆၇ | ၉,၅၀၀ |
| ၁၇ | မြေပဲ(အတောင့်) | တင်း | ၆.၇၅ ပိဿာ | ၂၅,၀၀၀ | ၂၆,၀၀၀ | ၂၇,၀၀၀ | ၃၂,၀၀၀ | ၂၈,၀၀၀ | | | ၃၇,၀၀၀ |
| ၁၈ | နေကြာ | တင်း | ၈.၆၄ ပိဿာ | ၄၀,၀၀၀ | | ၅၂,၀၀၀ | ၃၉,၀၀၀ | ၄၂,၀၀၀ | | | |
| စက်မှုကုန်ကြမ်းသီးနှံ | | | | | | | | | | | |
| ၁၉ | ဝါ(ချည်မျှင်တို) | ပိဿာ | | | | ၂,၄၀၀ | ၂,၃၀၀ | ၁,၇၀၀ | | | |
| ၂၀ | ဝါ(ချည်မျှင်ရှည်) | ပိဿာ | | ၂,၈၀၀ | | ၂,၉၀၀ | ၃,၂၀၀ | ၂,၇၀၀ | | | |
| ၂၁ | ချက်ကြံ | တန် | | ၁၃၀,၀၀၀ | ၁၂၀,၀၀၀ | ၉၅,၀၀၀ | ၁၀၀,၀၀၀ | ၄၈,၀၀၀ | | | |
| ၂၂ | စားကြံ | တန် | | | | | | | | ၁၄၁,၈၃၃ | |
| ဆန် | | | | | | | | | | | |
| ၂၃ | မနောသုခ(ဆန်) | အိတ် | ၃၀ ပိဿာ | ၆၅,၀၀၀ | ၈၀,၀၀၀ | ၉၅,၀၀၀ | ၇၅,၀၀၀ | ၁၀၀,၀၀၀ | ၇၀,၀၀၀ | ၇၈,၇၅၀ | ၈၃,၀၀၀ |
| ၂၄ | ဆင်းသုခ(ဆန်) | အိတ် | ၃၀ ပိဿာ | ၆၅,၀၀၀ | ၈၀,၀၀၀ | ၉၅,၀၀၀ | ၇၅,၀၀၀ | ၁၀၀,၀၀၀ | ၇၀,၀၀၀ | ၈၀,၀၀၀ | ၈၃,၀၀၀ |
| ၂၅ | ဧရာမင်း(ဆန်) | အိတ် | ၃၀ ပိဿာ | ၈၃,၀၀၀ | ၈၆,၀၀၀ | ၁၂၀,၀၀၀ | ၈၈,၀၀၀ | ၁၄၅,၀၀၀ | ၈၀,၀၀၀ | ၈၀,၅၀၀ | |
| ၂၆ | ပေါ်ဆန်းမွှေး(ဆန်) | အိတ် | ၃၀ ပိဿာ | ၁၅၀,၀၀၀ | ၁၀၀,၀၀၀ | ၁၅၇,၀၀၀ | ၁၅၀,၀၀၀ | ၁၄၆,၀၀၀ | | ၁၁၇,၁၆၇ | ၁၈၀,၀၀၀ |
| စားဖိုဆောင်သီးနှံ | | | | | | | | | | | |
| ၂၇ | ကြက်သွန်နီ(အကြီး) | ပိဿာ | | ၄,၀၀၀ | ၄,၀၀၀ | ၃,၅၀၀ | ၄,၀၀၀ | ၃,၂၀၀ | ၄,၅၀၀ | | ၂၉,၀၀၀ |
| ၂၈ | ကြက်သွန်နီ(အလတ်) | ပိဿာ | | ၃,၂၀၀ | ၃,၀၀၀ | ၃,၂၀၀ | ၃,၅၀၀ | ၂,၃၀၀ | ၄,၀၀၀ | | ၂၉,၀၀၀ |
| ၂၉ | ကြက်သွန်နီ(အသေး) | ပိဿာ | | ၂,၅၀၀ | ၂,၀၀၀ | ၂,၉၀၀ | ၂,၈၀၀ | ၁,၅၀၀ | ၃,၀၀၀ | | |
| ၃၀ | ကြက်သွန်ဖြူ(ဗမာ) | ပိဿာ | | ၁၂,၀၀၀ | ၁၆,၀၀၀ | ၁၆,၀၀၀ | ၁၅,၀၀၀ | ၁၆,၀၀၀ | ၁၃,၀၀၀ | | |
| ၃၁ | ကြက်သွန်ဖြူ(ရှမ်း) | ပိဿာ | | ၁၅,၀၀၀ | ၁၆,၀၀၀ | ၁၇,၀၀၀ | ၁၃,၀၀၀ | ၁၇,၀၀၀ | | | ၃၁,၀၀၀ |
| ၃၂ | ကြက်သွန်ဖြူ(ကြူကုတ်) | ပိဿာ | | | ၁၂,၅၀၀ | | ၁၃,၀၀၀ | ၁၂,၀၀၀ | | | ၃၁,၀၀၀ |
| ၃၃ | ငရုတ်အစို(ရှည်) | ပိဿာ | | ၂,၅၀၀ | ၃,၀၀၀ | ၄,၀၀၀ | ၃,၂၀၀ | ၄,၅၀၀ | | | ၁၃,၀၀၀ |
| ၃၄ | ငရုတ်အစို(ပွ) | ပိဿာ | | | ၄,၀၀၀ | ၁၆,၅၀၀ | ၃,၅၀၀ | ၈,၀၀၀ | | | ၂၆,၀၀၀ |
| ၃၅ | ငရုတ်အစို(ပီနန်) | ပိဿာ | | | ၇,၀၀၀ | | ၉,၀၀၀ | ၄,၀၀၀ | | | |
| ၃၆ | ငရုတ်အခြောက်(ရှည်) | ပိဿာ | | ၂၀,၀၀၀ | ၇,၀၀၀ | ၂၄,၀၀၀ | ၁၆,၀၀၀ | ၁၇,၀၀၀ | ၁၆,၀၀၀ | | ၆၆,၀၀၀ |
| ၃၇ | ငရုတ်အခြောက်(ပွ) | ပိဿာ | | | ၁၄,၀၀၀ | ၂၆,၅၀၀ | ၂၀,၀၀၀ | ၁၉,၀၀၀ | | | |
| ၃၈ | ငရုတ်အခြောက်(ပီနန်) | ပိဿာ | | | | | | | | | |
| ၃၉ | ခရမ်းချဉ်(ဗမာ) | ပိဿာ | | ၂,၅၀၀ | | ၁,၉၀၀ | ၂,၅၀၀ | ၂,၈၀၀ | ၄,၀၀၀ | | ၁၀,၀၀၀ |
| ၄၀ | ခရမ်းချဉ်(ရှမ်း) | ပိဿာ | | ၁,၃၀၀ | ၁,၅၀၀ | ၁,၄၀၀ | ၃,၀၀၀ | ၂,၀၀၀ | ၂,၀၀၀ | | |
| ၄၁ | အာလူး | ပိဿာ | | ၃,၀၀၀ | ၂,၇၀၀ | ၃,၂၀၀ | ၃,၀၀၀ | ၄,၅၀၀ | ၄,၀၀၀ | | ၉,၀၀၀ |
| ဆီ | | | | | | | | | | | |
| ၄၂ | မြေပဲဆီ | ပိဿာ | | ၁၃,၅၀၀ | ၁၃,၅၀၀ | ၁၆,၀၀၀ | ၁၇,၀၀၀ | ၁၄,၀၀၀ | ၁၆,၀၀၀ | | ၂၃,၀၀၀ |
| ၄၃ | နှမ်းဆီ | ပိဿာ | | ၁၅,၀၀၀ | | ၁၄,၀၀၀ | ၁၅,၀၀၀ | ၁၁,၀၀၀ | ၁၆,၀၀၀ | | |
| ၄၄ | နေကြာဆီ | ပိဿာ | | ၁၅,၀၀၀ | ၁၄,၀၀၀ | ၁၄,၀၀၀ | ၁၆,၀၀၀ | ၁၁,၅၀၀ | | | ၁၅,၀၀၀ |
| ၄၅ | ပဲပုတ်ဆီ | ပိဿာ | | | | | | ၁၁,၀၀၀ | | | |
| ၄၆ | စားအုန်းဆီ | ပိဿာ | | ၅,၅၀၀ | | ၈,၀၀၀ | ၇,၀၀၀ | ၇,၅၀၀ | ၇,၅၀၀ | | ၁၇,၀၀၀ |
| ၄၇ | ဝါစေ့ဆီ | ပိဿာ | | | | ၇,၀၀၀ | | | | | |

# ပဲမျိုးစုံ


## ပဲတီစိမ်း

ဒီဇင်ဘာလဒုတိယ ၁၅ ရက်အတွင်း ပဲတီစိမ်းတစ်တင်း ပျမ်းမျှဈေးနှုန်းမှာ ၆၃၆၅၄ ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့် ဆုံးအနေဖြင့် တစ်တင်းလျှင် ၈၇၅၀၀ ကျပ်ရှိနေပါသည်။ ယခင် ၁၅ ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တနင်္သာရီနှင့် မကွေး ဈေးကွက်များတွင် တစ်တင်းလျှင် ၁၀၀၀ ကျပ်မှ ၂၅၀၀ ကျပ်(၁.၇% မှ ၄.၁%) ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး စစ်ကိုင်းနှင့် နေပြည်တော်ဈေးကွက်များတွင် တစ်တင်း လျှင် ၃၀၀၀ကျပ်မှ ၂၀၀၀၀ ကျပ် (၅.၄%မှ ၂၅.၀%) ခန့် ဈေးနှုန်း လျော့ကျခဲ့ကာ ကျန်ဈေးကွက်အများစုတွင် ဈေးနှုန်း ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်လျက် ရှိပါသည်။





## မတ်ပဲ

ဒီဇင်ဘာလဒုတိယ ၁၅ ရက်အတွင်းမတ်ပဲတစ်တင်းပျမ်းမျှ ဈေးနှုန်းမှာ ၉၀၀၈၃ ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံး အနေဖြင့် တစ်တင်းလျှင် ၁၁၀၀၀၀ ကျပ် ရှိပါသည်။ ယခင် ၁၅ ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက မန္တလေး၊ ရန် ကုန်၊ တနင်္သာရီ၊ မကွေး၊ ဧရာဝတီ၊ ပဲခူးနှင့် စစ်ကိုင်း ဈေးကွက်များတွင် တစ်တင်းလျှင် ၅၀၀ ကျပ် မှ ၈၀၀၀ ကျပ် (၀.၅% မှ ၁၀.၀%)ခန့် ဈေးနှုန်း မြင့်တက်ခဲ့ပြီး နေပြည် တော်နှင့် ရခိုင် ဈေးကွက်များတွင် တစ်တင်းလျှင် ၂၀၀၀ ကျပ် မှ ၄၅၀၀ ကျပ် (၁.၈% မှ ၅.၁%)ခန့် ဈေးနှုန်း ကျဆင်းခဲ့ကာ ကျန်ဈေးကွက် အချို့တွင် ဈေးနှုန်းတည် ငြိမ်နေပါသည်။




## ပဲစင်းငုံ

ဒီဇင်ဘာလဒုတိယ ၁၅ ရက်အတွင်း ပဲစင်းငုံတစ်တင်း ပျမ်းမျှဈေးနှုန်းမှာ ၉၄၄၁၁ ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့် ဆုံးအနေဖြင့် တစ်တင်းလျှင် ၁၁၀၀၀၀ ကျပ်ရှိနေပါသည်။ ယခင် ၁၅ ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက မွန်၊ ဧရာဝတီနှင့် တနင်္သာရီဈေးကွက်များတွင် တစ်တင်းလျှင် ၁၀၀၀၀ ကျပ် မှ ၂၄၀၀၀ ကျပ် (၁၄.၃% မှ ၃၀.၀%) ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ပဲခူးဈေးကွက်တွင် တစ်တင်း လျှင် ၈၀၀၀ ကျပ် (၈.၉%)ခန့် ဈေးနှုန်းလျော့ကျခဲ့ကာ ကျန်ဈေးကွက်များတွင် ဈေးနှုန်း တည်ငြိမ်နေပါသည်။





## ပဲပုပ်

ဒီဇင်ဘာလဒုတိယ ၁၅ ရက်အတွင်း ပဲပုပ်တစ်တင်း ပျမ်း မျှဈေးနှုန်းမှာ ၆၃၄၅၀ ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံး အနေဖြင့် တစ်တင်းလျှင် ၈၀၀၀၀ ကျပ် ရှိပါသည်။ ယခင် ၁၅ ရက်ဈေးနှုန်းဖြင့် နှိုင်းယှဉ်ပါက ပဲခူးဈေး ကွက်တွင်တစ်တင်းလျှင်၆၀၀၀ကျပ်(၈.၃%)ခန့် ဈေးနှုန်း မြင့်တက်ခဲ့ပြီး စစ်ကိုင်း ဈေးကွက်တွင် တစ်တင်းလျှင် ၁၀၀၀ ကျပ်(၁.၅%)ခန့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်ဈေးကွက်အများစုတွင် ဈေး နှုန်း ပြောင်းလဲမှုမရှိကြောင်း တွေ့ရှိရပါသည်။


## ကုလားပဲ

ဒီဇင်ဘာလဒုတိယ ၁၅ ရက်အတွင်း ကုလားပဲတစ်တင်း ပျမ်းမျှဈေးနှုန်းမှာ ၈၀၈၇၅ ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့် ဆုံးအနေဖြင့် တစ်တင်းလျှင် ၉၁၀၀၀ ကျပ်ရှိနေပါသည်။ ယခင် ၁၅ ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက မွန်၊ ရှမ်း၊ စစ်ကိုင်းနှင့် ဧရာဝတီဈေးကွက်များတွင် တစ်တင်းလျှင် ၂၀၀၀ကျပ်မှ ၉၀၀၀ကျပ် (၂.၇% မှ ၁၇.၇%)ခန့် ဈေးနှုန်း မြင့်တက်ခဲ့ပြီးမကွေးနှင့်ပဲခူးဈေးကွက်များတွင် တစ်တင်း လျှင် ၁၅၀၀ကျပ် မှ ၅၀၀၀ကျပ် (၁.၆%မှ ၅.၆%)ခန့် ဈေး နှုန်းလျော့ကျခဲ့ကာ ကျန်ဈေးကွက်အချို့တွင် ဈေးနှုန်း ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေပါသည်။





# ချည်မျှင်ရှည်ဝါ

ဒီဇင်ဘာလဒုတိယ ၁၅ ရက် အတွင်း ချည်မျှင်ရှည်ဝါ တစ်ပိဿာပျမ်းမျှဈေးနှုန်းမှာ ၃၀၅၀ ကျပ်ဖြစ်ပြီး ဈေးနှုန်း အမြင့်ဆုံး အနေဖြင့် တစ်ပိဿာလျှင် ၃၃၅၀ ကျပ်ရှိနေပါ သည်။ ယခင် ၁၅ ရက် ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ပဲခူးနှင့် မကွေးဈေးကွက်များတွင် တစ်ပိဿာလျှင် ၁၀၀ကျပ်မှ ၁၅၀ကျပ် (၃.၁% မှ ၄.၇%)ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး စစ်ကိုင်းဈေးကွက်တွင် တစ်ပိဿာလျှင် ၂၀၀ ကျပ် (၆.၇%)ခန့် ဈေးနှုန်းလျော့ကျခဲ့ကာ ကျန်ဈေးကွက်အချို့တွင် ဈေးနှုန်း ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေပါသည်။





# ကြက်သွန်နီ

ဒီဇင်ဘာလဒုတိယ ၁၅ ရက်အတွင်း ကြက်သွန်နီ တစ်ပိဿာပျမ်းမျှဈေးနှုန်းမှာ ၃၄၇၁ ကျပ် ရှိနေပြီး ဈေးနှုန်း အမြင့်ဆုံးအနေဖြင့် တစ်ပိဿာလျှင် ၄၄၀၀ ကျပ် ရှိနေပါ သည်။ ယခင် ၁၅ ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ပဲခူးနှင့် ဧရာဝတီဈေးကွက်များတွင် တစ်ပိဿာ လျှင် ၅၀၀ကျပ်မှ ၇၀၀ ကျပ် (၁၂.၅% မှ ၁၅.၉%) ခန့် ဈေးနှုန်းမြင့်တက် ခဲ့ပြီး စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ရန်ကုန်နှင့် ရခိုင် ဈေး ကွက်များတွင် တစ်ပိဿာလျှင် ၂၀၀ကျပ်မှ ၁၈၀၀ ကျပ် (၇.၇%မှ၅၆.၃%)ခန့် ဈေးနှုန်းလျော့ကျခဲ့ကာ ကျန်ဈေး ကွက်များတွင် ဈေးနှုန်းပြောင်းလဲမှု မရှိကြောင်းတွေ့ရှိ ရသည်။




# အသား ငါး ဥအမျိုးမျိုး ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးကွက်ပေါက်ဈေး(ကျပ်/ယူနစ်) | | | |
|---|---|---|---|---|---|
| | | နေပြည်တော် | ရန်ကုန် | မန္တလေး | ရခိုင် |
| ငါးအမျိုးမျိုး | | | | | |
| ငါးသလောက် | ပိဿာ | ၂၄၀၀၀ | ၅၀၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ |
| ငါးကြင်း(ဖြူ) | ။ | ၁၂၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | - |
| ငါးကြင်း(နီ) | ။ | ၁၀၀၀၀ | ၈၀၀၀ | ၅၀၀၀ | - |
| ငါးမြင်း | ။ | ၈၀၀၀ | - | - | - |
| ငါးတန် | ။ | ၁၀၀၀၀ | ၇၀၀၀ | ၄၅၀၀ | ၂၀၀၀၀ |
| ငါးခူ | ။ | ၁၂၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၆၀၀၀ |
| ငါးကျည်း | ။ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ | ၁၅၀၀၀ |
| ငါးရံ့ | ။ | ၁၂၀၀၀ | ၁၅၀၀၀ | - | ၁၉၀၀၀ |
| ကကတစ် | ။ | ၁၈၀၀၀ | ၁၈၀၀၀ | - | ၁၉၀၀၀ |
| တီလားပီးယား | ။ | ၆၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၉၀၀၀ |
| ပြည်ကြီးငါး | ။ | ၃၅၀၀၀ | ၂၅၀၀၀ | - | ၁၅၀၀၀ |
| ကင်းမွန် | ။ | ၂၅၀၀၀ | ၂၀၀၀၀ | - | ၁၄၀၀၀ |
| ပုစွန်အမျိုးမျိုး | | | | | |
| ပုစွန်ထုပ်ကြီး | ။ | ၃၅၀၀၀ | ၄၀၀၀၀ | ၃၅၀၀၀ | ၅၀၀၀၀ |
| ပုစွန်ကျော့ | ။ | ၂၀၀၀၀ | ၁၄၅၀၀ | ၂၀၀၀၀ | ၁၅၀၀၀ |
| ပုစွန်ဆိတ် | ။ | ၁၀၀၀၀ | ၈၅၀၀ | ၁၀၀၀၀ | ၁၂၀၀၀ |
| ကဏန်းအမျိုးမျိုး | | | | | |
| ကဏန်းပျော့ | ။ | ၁၆၀၀၀ | - | ၁၃၀၀၀ | ၂၄၀၀၀ |
| ကဏန်းမာ | ။ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ |
| အသားအမျိုးမျိုး | | | | | |
| ကြက်(စီပီ) | ပိဿာ | ၁၃၀၀၀ | ၁၀၀၀၀ | ၁၁၀၀၀ | ၂၀၀၀၀ |
| ကြက်(ဒေသ) | ။ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ |
| ဘဲ | ။ | ၁၈၀၀၀ | ၂၀၀၀၀ | ၉၀၀၀ | ၂၀၀၀၀ |
| ဝက် | ။ | ၁၇၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ |
| အမဲ | ။ | ၁၅၅၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ |
| ဆိတ် | ။ | ၂၈၀၀၀ | ၃၀၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ |
| ဥအမျိုးမျိုး | | | | | |
| ကြက်ဥ | လုံး | ၂၅၀ | ၂၅၀ | ၃၀၀ | ၆၀၀ |
| ဘဲဥ | ။ | ၃၅၀ | ၃၀၀ | ၃၅၀ | ၇၀၀ |
| ငုံးဥ | ။ | ၇၅ | ၆၀ | ၅၀ | ၂၀၀ |



# ရေသဖန်း

## သဘာဝကပေး အစာနှင့်ဆေး

ရေသဖန်းပင်၏ အင်္ဂလိပ်အမည်မှာ cluster figs, gular tree, Indian fig tree, Red wood tree နှင့် red river fig ဟု ခေါ်ဆိုပြီး ရုက္ခဗေဒအမည်မှာ *Ficus racemosa* နှင့် *Ficus glomerata* Roxb., ဟု ခေါ်ဆိုကာ မျိုးရင်း *Moraceae* တွင် ပါဝင်၏။ ရေသဖန်းပင်သည် အိန္ဒိယ တိုက်ငယ်၊ တရုတ်နိုင်ငံ တောင်ပိုင်းဒေသများ၊ အရှေ့တောင်အာရှနိုင်ငံများ၊ ပါပူးဝါနယူးဂီနီမှသည် ဩစတြေးလျ မြောက်ပိုင်း၊ အနောက်ပိုင်းအပါအဝင် ကွင်းစလန်နိုင်ငံများတို့တွင် သဘာဝအလျောက် စတင်ပေါက်ရောက် ဖြစ်ထွန်းပြီး နောက်ပိုင်းတွင် တောင်အမေရိကရှိ အပူပိုင်းဒေသများတွင်ပါ စိုက်ပျိုးဖြစ်ထွန်းလာကြ၏။

ရေသဖန်းပင်ဟု အမည်တွင်သည့်အတိုင်း ရေအစိုဓာတ်များသော နေရာမျိုးတွင် ပေါက်ရောက်တတ်၏။ ရေသဖန်းပင်သည် ကြီးထွားမှုမြန်ဆန်သော အပင်ကြီးမျိုး ဖြစ်၏။ ပင်စည်မှာ ဖုထစ်လိမ်ကျစ်ပြီး အရွက်များမှာ ကြီးမားကျယ်ပြန့်ပြီး ကြမ်း၏။ ရေသဖန်းပင်တွင် အပွင့်ကို မြင်တွေ့ရခြင်းမရှိဘဲ သဖန်းသီးအခိုင်များကိုသာ မြင်တွေ့ ရတတ်၏။ တကယ်တမ်းတွင် ပန်းပွင့်လေးများကို ဖုံးအုပ်ထားသည့် အပွင့်အိမ်လေး မျှသာ ဖြစ်၏။ အသီးအစစ်မှာ ပန်းပွင့်အိမ်၏ အစွန်းတွင် အပေါက်ငယ်တစ်ခုမျှသာ ရှိပြီး အတွင်းရှိ အပွင့်ငယ်လေးများက ဝတ်မှုန်ကူးခြင်းကို လုပ်ဆောင်၏။ ရေသဖန်း ပင်၏ အကိုင်းအခက်နှင့် ပင်စည်လုံးပတ်တွင် အသီးခိုင်များ ကပ်ပြီးသီး၏။ အသီးကို ဟင်းသီးဟင်းရွက်အဖြစ် ချက်ပြုတ်ပြင်ဆင်ပြီး စားသုံးကြ၏။

ပုံမှန်အားဖြင့် ရေသဖန်းပင်သည် သဘာဝအလျောက် ပေါက်သည့် အပင်မျိုးဖြစ်သော်လည်း ယင်းအပင်၏လျင်မြန်စွာကြီးထွားဖွံ့ဖြိုးခြင်း၊ အာဟာရတန်ဖိုးကြွယ်ဝခြင်း၊ အသီးနှင့် အရွက်နတို့ကို ဟင်းသီးဟင်းရွက်အဖြစ် ချက်ပြုတ်စားသုံးနိုင်ရုံမျှမက ဆေးဖက်ဝင်အဖြစ် အသုံးပြုနိုင်ခြင်းနှင့် တိရစ္ဆာန်အစာအဖြစ်လည်း အသုံးပြုနိုင်ခြင်း

ကြောင်း၏ လုပ်ငန်းဆောင်တာများကို ပုံမှန်ဖြစ် စေ၏။ အမျှင်ဓာတ် ကြောင့် အဆာခံနိုင်ပြီး ကိုယ်အလေးချိန်ကျ စေရန် အထောက်အကူဖြစ်စေ၏။ ထို့အပြင် သွေးအတွင်းရှိ ကိုလက်စထရောကို ကျဆင်းစေပြီး နှလုံးရောဂါနှင့် ဆီးချိုရောဂါဖြစ်ပွားနိုင်ချေမှ ကာကွယ်ပေးနိုင်စွမ်းရှိ၏။

ကယ်လ်စီယမ်ဓာတ်ကြွယ်ဝစွာ ပါဝင်သည့်သဖန်းသီးသည် အရိုးများကို ကြံ့ခိုင်သန်စွမ်းစေ၏။ အရိုးပွခြင်းမှ ကာကွယ်ပေးနိုင်ပြီး အရိုးအက်ခြင်း၊ အရိုးကျိုးခြင်းတို့မှလည်း ကာကွယ်ပေးနိုင်၏။

ရေသဖန်းသီးတွင် ပိုတက်စီယမ်ဓာတ်အရင်းအမြစ် ကြွယ်ဝစွာပါဝင်ခြင်းကြောင့် သွေးဖိအားကို ထိန်းညှိပေးနိုင်ခြင်း၊ ကိုယ်တွင်းအရည်ပမာဏကို မျှခြေဖြစ်စေခြင်းကို အထောက်အကူပြုစေ၏။

ရိဘိုဖလာဘင်ပါဝင်ခြင်းကြောင့် ကိုယ်တွင်းစွမ်းအင်များကို တိုးစေနိုင်ခြင်း၊ ခွန်အားကို တိုးပွားစေနိုင်ခြင်း အကျိုးကျေးဇူးကို ရရှိစေနိုင်၏။

သံဓာတ်ကြွယ်ဝခြင်းကြောင့် သွေးအတွင်း အောက်ဆီဂျင်သယ်ယူပို့ဆောင်ခြင်းကို









တို့ကြောင့် အိန္ဒိယနိုင်ငံတွင် ရေသဖန်းပင်ကို ပန်းခြံများ၊ အိမ်ခြံဝင်းများ၊ ဘုရားကျောင်းဝင်းထဲတို့တွင် စနစ်တကျစိုက်ပျိုးကြ၏။ ရေသဖန်းပင်၏ ကြီးမားထူထဲ အားကောင်းသည့်အမြစ်များကြောင့် မြေဆီလွှာပျက်သုဉ်းခြင်းမှ ကာကွယ်ပေးနိုင်သည့်အတွက် မြစ်ချောင်းနံဘေးတွင် စိုက်ပျိုးကြသကဲ့သို့ တောင်တန်းဒေသများတွင် လေကာပင်အဖြစ်လည်း စိုက်ပျိုးလေ့ရှိကြ၏။

လတ်ဆတ်သည့်ရေသဖန်းသီးတွင် ဗီတာမင် ဘီဝမ်း၊ ဘီတူး၊ အိုင်းယွန်း၊ ကော့ပါး၊ ပိုတက်စီယမ်၊ မဂ်ဂနီစီယမ်၊ ကယ်လ်စီယမ်၊ ဖော့စ်ဖရပ်စ်၊ ဇင့်နှင့် ပရိုတင်းတို့ ကြွယ်ဝစွာပါဝင်၏။

ရေသဖန်းသီးတွင် အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်သည့်အတွက် အစာခြေလမ်း

လုပ်ဆောင်သည့် ဟေမိုဂလိုဘင်ပရိုတင်းကို တည်ဆောက် ပေးနိုင်ခြင်း အစရှိသည့် ကျန်းမာရေးအကျိုးကျေးဇူးကောင်းများစွာရှိ၏။

အာယုဗေဒဆေးပညာရပ်အရ ရေသဖန်းရွက်၊ အသီး၊ အမြစ်နှင့် အခေါက်တို့ကို ရောဂါမျိုးစုံကို ကုသပေးနိုင်သည့် သဘာဝဆေးတစ်လက်အဖြစ် အသုံးပြုကြ၏။

ဆီးချိုရောဂါ၊ အသည်းရောဂါ၊ ရောင်ရမ်းနာကျင်ခြင်းရောဂါများ၊ ဒူလာလိပ်ခေါင်းရောဂါများ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ ခြင်ကိုက်ခံရခြင်းနှင့် ဆီးလမ်းကြောင်းဆိုင်ရာ ရောဂါများအတွက် ဆေးအဖြစ် အသုံးပြုကြ၏။

ထို့အပြင် ရောင်ရမ်းနာကို ဆန့်ကျင်နိုင်ခြင်း၊ ကိုယ်ခန္ဓာကို သန့်စင်စေခြင်း၊

စာ-၁၂ သို့

---

စာ-၂၀ မှ

အရုပ်လေးများကို ချစ်ခြင်း၏ သင်္ကေတ အဖြစ် နိုင်ငံတော်တော်များများတွင် လက်ဆောင်ပစ္စည်း အဖြစ် ပေးလေ့ ရှိကြ ပါသည်။

ယခုနောက်ပိုင်းတွင် ရေနဂါးများကို ဖမ်းဆီးသတ်ဖြတ်မှုများ၊ရေထုညစ်ညမ်းမှုများ ကြောင့် ရေနဂါးများ တဖြည်းဖြည်း ရှားပါးလာနေပြီဖြစ်သည်။ လေ့လာမှုများအရ အဆိုပါ ရေ န ဂါး များ သ ည် တ စ် နှ စ် လျှ င် အကောင်ရေသန်း ၁၅၀ ခန့် ပေါက်ဖွားခဲ့သော်လည်း တရားမဝင်ဖမ်းဆီးသူများ၏ လက်ချက်ကြောင့် အဆိုပါ ပမာဏ၏ ထက်ဝက်ခန့်မှာ လျော့ကျခဲ့ရကြောင်း၊ ယင်းသတ္တဝါများ၏ ကောင်ရေမှာ ယခုကဲ့သို့ ကျဆင်းနေမည် ဆိုပါ က ၂၀၄၅ ခုနှစ် အရောက်တွင် ရေနဂါးများမှာ လုံးဝ ပျောက်ကွယ်သွားနိုင်ဖွယ်ရှိကြောင်း Save Our Seahorse အမည်ရှိ အသင်းကြီး၏ ထုတ်ပြန်ချက်အရ သိရသည်။ ရေနဂါးများမှာ ရှားပါး ရေနေသတ္တဝါ စာရင်းတွင် ပါဝင်နေသဖြင့် ဖမ်းဆီးခြင်း၊ ရောင်းဝယ်စုဆောင်းခြင်းမပြုရန် ငါးလုပ်ငန်းဦးစီးဌာနမှ တားမြစ်ထားသော ရေ သတ္တဝါလည်း ဖြစ်ပါ သည်။

သို့ပါသောကြောင့် ရှားပါး ရေနေသတ္တဝါစာရင်းတွင် ပါဝင်နေသော ရေနဂါးများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ရေနေသယံဇာတမျိုးစိတ်များကို ထိန်းသိမ်းကာကွယ်သင့်ကြပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

ပင်လယ်ပြာ(ငါးဦးစီး)




ရေနဂါး(Seahorse)ကို ပင်လယ်မြင်း (သို့မဟုတ်) ရေနဂါးဟု လူသိများကြပြီး အပူပိုင်းနှင့် သမပိုင်းဒေသ ပင်လယ်ရေတိမ်များတွင် တွေ့ရတတ်ပါသည်။ မြန်မာအခေါ် ရေနဂါးကို ပင်လယ်ရေနွေးစီးကြောင်းရှိရာဒေသများ အတွေ့ရများပါသည်။ မြန်မာနိုင်ငံတွင် မွန်၊ တနင်္သာရီကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါတွေ့ရတတ်သည်။

ရေနဂါးမှာ ငါးမျိုးစိတ်တစ်မျိုးဖြစ်ပြီး ရေထဲတွင်သာ နေကြသည်။ ပါးဟက် နှင့် အသက်ရှူ ပြီးဗိုက်ထဲတွင် စည်ဖောင်းများရှိကြပါသည်။ သို့သော် ၎င်းတို့၏အမြီးက ရေကိုယက်ပြီးကူးခတ်နိုင်သည့်ဆူးတောင်မဟုတ်ပေ။ တစ်ခုခုကို ရစ်ပတ်ပြီး ဆုပ်ကိုင်ထားနိုင်သော မျောက်အမြီးလို အမြီးမျိုး ဖြစ်ပါသည်။ ရေနဂါးသည် မျိုးကွဲများစွာရှိကြပြီး ထူးခြားချက်မှာ ငါးမျိုးစိတ် ဖြစ်သော်ငြား ၎င်းတို့တွင် အကြေးခွံ မပါရှိပေ။ ပါးလွှာသော အရေခွံတစ်မျိုးတည်းသာရှိသည်။ အခြားငါးများကဲ့သို့ အလျားလိုက်ရေမကူးဘဲ ဒေါင်လိုက်မတ်တတ်ကြီး ရေကူးနိုင်သည်။ ရေသတ္တဝါများထဲတွင် တစ်မျိုးတည်းသော ဒေါင်လိုက်(မတ်တတ်) ကူးခပ်သော သတ္တဝါ ဖြစ်သည်။ထို့ပြင် အနှေးဆုံး ကူးခပ်နိုင်သော ရေသတ္တဝါ လည်း ဖြစ်သည်။ တစ်နာရီလျှင် ၅ပေ(၁ ဒသမ ၅ မီတာ)သာ ရွေ့လျားး၏။ ၎င်းတို့၏ အမြီးများသည် ကူးခပ်ရွေ့လျားရန်နှင့် အစားအသောက် စားသောက်ရန် အသုံးပြုကြသည်။

ရေနဂါးဟူသော ငါးလေးများသည် "ဒေါင်"လိုက်သာ ရေထဲတွင် ရပ်တည်နေပြီး ၎င်းတို့၏ ကိုယ်ခန္ဓာပုံပန်းသဏ္ဌာန်သည် "န"ငယ်ပုံ တွန့်ကွေးနေသောကြောင့် အစာဖမ်းယူရာတွင် နငယ်ပုံ ဆန့်ထုတ်နိုင် သည့်အတွက် မထင်မှတ်သောအကွာအဝေးမှ ပိုးမွှားသတ္တဝါလေးများကိုပါ လှမ်း၍ဖမ်းယူစားသောက်နိုင်သော ရေနဂါးတို့သည် ပင်လယ်ရေမှော်ပင်များကိုလည်း ၎င်းတို့၏ အမြီးနှင့် ဖမ်းဆွဲထားပြီး ၎င်းအပင်များ တွင် နားနေ လေ့ ရှိ သ ည် ဟု



သိပ္ပံပညာရှင်များ၏ သုတေသနစာတမ်းများက ဆိုထားပါသည်။

ရေနဂါးတို့သည် ခန္ဓာကိုယ်အရွယ်အစားအားဖြင့် 1.5 cm မှ 3.5 cm(၀ ဒသမ ၆ လက်မ မှ ၁ ဒသမ ၄လက်မ) ထိရှိကြပါသည်။ မျိုးစိတ် ၄၅ ခုရှိပြီး genus (မျိုးစု) - Hippocampus တွင် ပါဝင် ပါသည်။ ရေနဂါး (seahorse)များ၏ မျက်လုံးနှစ်ဖက်မှာ တစ်ဖက် တစ်နေရာစီ ခွဲပြီး ကြည့် လို့ရပါသည်။ ထို့ကြောင့် ညာဘက်မျက်လုံးနှင့် အစာရှာနေစဉ် ကျန်သည့်ဘယ်ဖက်မျက်လုံးတစ်ဖက်နှင့် ရန်သူကို မျက်ခြေမပြတ် စောင့်ကြည့်နေနိုင် ကြသည်။

ရေနဂါး၏ပုံစံမှာ အတော်ထူးခြားလှပါသည်။ရေသတ္တဝါဖြစ်သော်ငြား ခေါင်းပိုင်ချည်း ကွက်ပြီးကြည့်လျှင် ကုန်းနေသတ္တဝါ 'မြင်း'နှင့် အတော်တူပါသည်။အရွယ်အစားမျိုးစုံရှိကြပြီး တချို့မှာ လက်မတစ် ဝက် (၁/၂) အရွယ်လောက်သာရှိကြပြီး အချို့အကောင်များမှာ ၁၄လက်မလောက်



ထိ ကြီးထွားကြသည်။

ရေနဂါးများသည် ပုံသဏ္ဌာန်အားဖြင့် လှပသည့်အပြင် ချစ်စဖွယ် အလေ့အထတစ်ခုမှာ ၎င်းတို့၏ ချစ်ခြင်းမေတ္တာတစ်ခုပင် ဖြစ်သည်။ ရေနဂါး အထီးရော၊ အမပါ ၎င်းတို့၏ လက်တွဲဖော် တစ်ကောင်ကောင်ကို ရွေးချယ်ပြီးပါက နောက်ထပ် ဘယ်

ရေနဂါးနှင့်မှ ထပ်မတွဲကြတော့ပေ။ Lifetime တစ်ခုအတွက် လက်တွဲဖော်တစ်ဦးသာ ရွေးချယ်နေထိုင် ကြခြင်း ဖြစ်သည်။ ရေနဂါးများသည် ကဗျာဆန်သောချစ်ခြင်းကို ပုံဖော်သောရေနေ သတ္တဝါလေးများ ဖြစ်ပါသည်။ လူသားတို့သည် လက်မထပ်ခင် ချိန်းတွေ့ပြီး ချစ်ခြင်းကို တ စ် ဆ င့် ချ င်း တ ည် ဆော က် ကြ သကဲ့သို့ လက်တွဲဖော်အဖြစ် ရွေးချယ်ထားသော ရေနဂါးအချင်းချင်း



သည်လည်း မိတ်မလိုက်ခင်တွင် နေ့တိုင်း ၎င်းတို့၏ အမြီးတစ်ခုနှင့် တစ်ခုကို တွယ်ချိတ်ပြီး တစ်ကိုယ်လုံး လှ ည့် ပ တ် က ကြ ရ င်း ၎ င်း တို့ ၏ ဆက်ဆံရေးကို ခိုင်မာအောင် တည်ဆောက်ကြပါသည်။ထိုကဲ့သို့ နေ့တိုင်း ကကြရင်း ၎င်းတို့၏ချစ်ခြင်း သံယောဇဉ်များ ခိုင်မာသွားပြီလို့ သေချာသောအချိန်တွင် မိတ်လိုက်ခြင်းကို စတင်ပြု လုပ်ကြပါသည်။

ရေနဂါးများ၏ ဗိုက်တွင် အပေါက်ပါတာ အထီးဟုသိရပြီး အထီးမှာ ကလေးမွေးရလို့ ဗိုက်တွင် အပေါက်ပါသည်ဟု သိရသည်။ ရေနဂါးများ မိတ်လိုက်သောအချိန်တွင် အမသည် ၎င်း၏ ဥပို့ပြွန်ကနေတစ်ဆင့် အထီး၏ ဗိုက်ပေါ်က ဥဝပ်ပေးမည့် ဝမ်းဗိုက်အိတ်(pouch) ထဲသို့ ဥများကို သွင်းထည့်ပေးလိုက်ပါသည်။ပြီးနောက် အထီးသည် ဥများကို သန္ဓေအောင်စေရန် ၎င်း၏ ဥဝပ်အိတ်ကပ်လေး ထဲသို့ အဖိုမျိုးပွားရည်များကို လွှတ်ထုတ် လိုက်ပါသည်။ ဝမ်းဗိုက်ပူနေသော ရေနဂါးများသည် အဖိုများသာ ဖြစ်ပါသည်။ အဖိုများသည် ရေနဂါးလေးများ အကောင် ပေါက်သည်အထိ ပြုစုစောင့်ရှောက် ကြရသည်။ အဆိုပါပုံစံဖြင့် ရေနဂါးအထီးလေးများသည် ကိုယ်ဝန်ဆောင်သောဖြစ်စဉ်ကို အမ ကိုယ်စား နွေးထွေးစွာ လုပ်ဆောင်ပေးကြပါသည်။ ရေနဂါးအထီးမှာ ၂ ပတ်မှ ၄ ပတ်အကြာ သန္ဓေသားကို လွယ်ထားရသည်။ ၂ ပတ်/ ၄ ပတ် အကြာတွင် အောင်မြင်သောဥများသည် ရင့်မှည့်လာကြပြီး အထီးမှာ ခန္ဓာကိုယ်ကို ကွေးချည် ဆန့်ချည်လုပ်ပြီး ရေနဂါးလေးများကို တစ်ကောင်ချင်း မွေးထုတ်ရပါသည်။ ရေနဂါးမျိုးပေါ် မူတည်ပြီး တချို့လည်း တစ်ကြိမ်မွေး



လျှင် ပုံမှန်အားဖြင့် အကောင် ၁၀၀ - ၂၀၀ ဝန်းကျင် မွေးပါသည်။ အနည်းဆုံး ၅ ကောင်မှ အများဆုံး ကောင်ရေ ၁၅၀၀ လောက်အထိ မွေးတတ် ကြပါသည်။

ရေနဂါးလေးများမှာ ပင်လယ်မြက်ပင်ဖြစ်စေ၊ သန္တာကျောက်ဆောင်ဖြစ်စေ တစ်ခုခုကို အမြီးနှင့် ဆုပ်ကိုင်ထားပြီး ရေစီးကြောင်းတွင် မျောပါလာသော ရေမှော်ပင်၊ ရေပိုးမွှားလေးများကို ဖမ်းစားတတ်ကြသည်။ ရေနဂါး တစ်ကောင်သည် တစ်နေ့ကို ရေငန်ပုစွန်ဆိတ်ကောင်ရေ (၃၀၀၀) ကျော်ခန့်စားနိုင်ကြသည်။ ငါးသားပေါက်နှင့် အခွံမာရေသတ္တဝါငယ်လေးများကို စားကြပါသည်။ သို့သော် ရေနဂါးများမှာ အစာအများကြီး စားလို့ မဖြစ်ချေ။ ၎င်းတို့တွင် အစာအိမ် မရှိသလို သွားလည်း မရှိကြပေ။ ပါးစပ်က စားလိုက်သော အစာမှာ အောက်ကနေ အချိန်တိုအတွင်း ပြန်ထွက်သွားပါသည်။

ရေနဂါးတို့၏သဘာဝတွင် ရေနဂါးစုံတွဲသည် အမြဲတတွဲတွဲနေလေ့ရှိပြီး နေရာဒေသ တစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့သော အခါ တွင် လည်း တစ်ကောင်နှင့်တစ်ကောင် အမြီးချင်း ချိတ်၍ သွားလာတတ်ကြပါသည်။ထို့ကြောင့်လည်း ရေနဂါး

စာ-၁၉ သို့